ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဒုတိယနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၉.၃၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို**
**မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဖားပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစောမြဝင်း က ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဖားပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးစောမြဝင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမြဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ကရင်ပြည်နယ်၊ ကြာအင်း

ဆိပ်ကြီးမြို့နယ်၊ ဖားပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးသွားရန် အစီအစဉ် ရှိ/မရှိ ကို သိရှိလိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ဖားပြကျေးရွာဟာ ယခင်က စစ်ဆင်ရေးနယ်မြေဖြစ်ခဲ့သည့်အတွက် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့သည့် ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ဒေသခံလူထုများဟာ လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းမှုကြောင့် မိုးရာသီတွင် ရေကြောင်းဖြင့် လှေငယ်များနှင့်သာ သွားလာခဲ့ကြရပါတယ်။ ယခုအချိန်အခါမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဖြစ်တဲ့ ကေအင်ယူ အဖွဲ့အစည်းဟာ နိုင်ငံတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေး တည်ဆောက်နေတဲ့ ကာလဖြစ်သည့်အားလျော်စွာ ဖားပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့ဟာလည်း ဒေသဖွံ့ဖြိုးရေးအနေအထားအထိုက်အလျောက် တိုးတက် လာပြီဖြစ်ပါတယ်။ သို့သော်လည်း ကျန်းမာရေးနှင့်ပတ်သက်ပြီး ဒေသခံလူထုများဟာ အချိန်နှင့် တစ်ပြေးညီ ဆေးကုသမှုအပြည့်အဝ ရရှိခံစားနိုင်စေရေးအတွက် တိုက်နယ်ဆေးရုံတစ်ရုံ လိုအပ်လျက်ရှိ ကြောင်း နယ်မြေခံ မိဘပြည်သူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကေအင်ယူ တို့ရဲ့ တင်ပြချက်အရ လေ့လာသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖားပြကျေးရွာဟာ လူဦးရေ(၃၀၈၉)ဦး၊ ကျေးလက်ကျန်းမာရေးဌာနပိုင်အနေဖြင့် ကျေးရွာပေါင်း(၁၈)ရွာမှ လူဦးရေ(၂၂၈၁၅)ဦး၊ နီးစပ်မှုရှိတဲ့ပတ်ဝန်းကျင် ကျေးရွာ(၇)ရွာမှ လူဦးရေ(၇၂၁၅)ဦးရှိကြောင်း သိရှိရပါတယ်။ အရေးပေါ်အရေးကြီးလူနာများ ဆေးကုသမှု ခံယူရန်မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံတို့နှင့် အလှမ်းကွာဝေးသည့်အတွက် ဒေသခံလူထုများဟာ အခက်အခဲများစွာနှင့် ကြုံတွေ့နေရပါတယ်။ အထူးသဖြင့် ခွဲစိတ်ကုသရမည့် လူနာများဟာ ငွေကြေးစရိတ်များစွာအကုန်အကျခံ၍ အလှမ်းကွာဝေးတဲ့ မြို့နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှု ခံယူနေရပါတယ်။

သို့ပါ၍ ကျေးလက်ကျန်းမာရေးဌာနပိုင် ကျေးရွာများနှင့် နီးစပ်မှုရှိတဲ့ ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံလူထုများ လွယ်လင့်တကူ ဆေးကုသမှုခံယူနိုင်ရန်အတွက် လမ်းပန်းဆက်သွယ်မှု အချက်အချာ ဗဟိုကျတဲ့ ဖားပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးသွားရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါသဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူအဖွဲ့နှင့် ဒေသခံလူထုများလိုလား တင်ပြချက်အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကဝမြို့နယ်၊ သပြုကျေးရွာ(၁၆)ခုတင်ဆံ့ ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံ ဆောက်လုပ်ခွင့်နှင့် နိုင်ငံတော်မှ လိုအပ်သည့် ဆရာဝန်များ ချထားပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော် က ကဝမြို့နယ်၊ သပြုကျေးရွာ(၁၆)ခုတင်ဆံ့ ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံ ဆောက်လုပ်ခွင့်နှင့် နိုင်ငံတော်မှ လိုအပ်သည့် ဆရာဝန်များ ချထားပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ ကိုယ်စိတ်နှစ်ပါး အေးချမ်းပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ် ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးရွာ (၁၆)ကုတင်ဆံ့ ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံ ဆောက်လုပ်ခွင့်နှင့် နိုင်ငံတော်မှ လိုအပ်သည့် ဆရာဝန်များ ချထားပေးနိုင်ခြင်း ရှိ/မရှိ အား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မှာ ပြည်သူ့ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံ(၄)ရုံ ရှိပါတယ်။ တိုက်နယ်ဆေးရုံကတော့ ကဝမြို့နယ်ရဲ့အရှေ့ ဘက်ခြမ်းမှာဖြစ်တဲ့ သရက်ကုန်း၊ ဝဲပတန်၊ အုန်းနဲ့၊ သက္ကလ တို့မှာရှိပြီးတော့ ကားလမ်းရဲ့အရှေ့ဘက် ခြမ်းမှာဖြစ်ပြီး အနောက်ဘက်ခြမ်းမှာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်၍ တိုက်နယ်ဆေးရုံ မရှိပါဘူး။ ကျွန်တော်တို့ သပြုကျေးရွာနဲ့ ကဝမြို့နယ်ဟာ (၈)မိုင်ခန့်ကွာဝေးပြီးတော့ သပြု ကျေးရွာဟာ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းရဲ့ ကျွန်တော်တို့ ပဲခူးမြစ်ကမ်းပါးမှာ ရှိပြီးတော့ နယ်ခြား မြစ်ဖျား ဖြစ်နေတာ ရှိပါတယ်။ သပြုကျေးရွာဟာလည်း လက်ရှိ ကျွန်တော်တို့ ဒန်၊ သတ္တုလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီးတော့ စီးပွားရေးအခြေအနေ အထိုက်အလျောက် ကောင်းမွန်တဲ့ ကျေးရွာ ဖြစ်သလို ကျေးရွာပေါင်းကျွန်တော်တို့ (၁၃)ရွာခန့် အားကိုးမှီခိုနေရတဲ့ ကျေးရွာဖြစ်ပါတယ်။ သို့သော်ငြား လည်း ကျွန်တော်တို့ ကျေးလက်ဆေးပေးခန်းတစ်ခုနဲ့ ကျွန်တော်တို့ သပြုကြီးကျေးရွာမှာ RHC ဆေးပေးခန်းတစ်ခု ရှိပါတယ်။

ကျွန်တော်တို့ ဒီနေ့ မိုးရာသီမှာဆိုလည်း လမ်းပန်းဆက်သွယ်ရေး အခြေအနေကြောင့် ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့အခါမှာ သွားရေးလာရေးခက်ခဲတဲ့ အတွက်ကြောင့်မို့လို့ ကျန်းမာရေးစောင့်ရှောက်မှုဟာ အားနည်းတာ တွေ့ရှိရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ မိုးရာသီ မှာဆိုလည်း ရန်ကုန်ကို ကျွန်တော်တို့ သွားရောက်ဆေးကုသမယ် ဆိုလို့ရှိရင်လည်း ပဲခူးမြစ်ရဲ့ မြစ်ရေ အတက်အကျကို မူတည်ပြီးတော့မှ အန္တရာယ်များလွန်းတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ကျန်းမာရေး စောင့်ရှောက်မှုအပိုင်းမှာ အားနည်းနေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဒီနေ့ ချမ်းသာ ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးကျင်တီ မိသားစုမှ ကျွန်တော်တို့ ဒါ ဆေးရုံဆောက်လုပ်မှုနဲ့ ပတ်သက်လို့ နိုင်ငံတော်မှ သတ်မှတ်တဲ့ စံချိန်စံညွှန်းမီအောင် ကုန်ကျစရိတ်အားလုံးကို ပေးအပ်လှူဒါန်းမည်ဖြစ်ပြီး တော့မှ လက်ရှိ အခြေအနေမှာလည်း ကျွန်တော်တို့ အလှူရှင်နှစ်ဦးမှ ဆေးရုံဆောက် မယ့်မြေ (၅)ဧကကို လှူဒါန်းပေးပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကျေးရွာ ပြည်သူလူထုများမှလည်း ဒါကို တိုက်နယ်ဆေးရုံတစ်ခုကို မဖြစ်မနေ တည်ဆောက်ပေးဖို့ တင်ပြလာတဲ့ အတွက်ကြောင့်မို့လို့ ဥက္ကဋ္ဌကြီး မှတစ်ဆင့်သိရှိလို၍ မေးမြန်းလိုသည်မှာ သပြုကျေးရွာ(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကိုယ်ထူကိုယ်ထ ဆောက်လုပ်နိုင်ခွင့်နဲ့ ဆရာဝန်/ဆရာမများ ချထားပေးရန် အစီအစဉ် ရှိ/မရှိအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ကျွန်တော်တို့ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဖလမ်းမြို့နယ်၊ သီးဆင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပြီး ဗားလုံကျေးရွာတွင် ပြောင်းရွှေ့ချထား၍ လူနာတင်ယာဉ် တစ်စီး တွဲဖက်ထားရှိပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း က ဖလမ်းမြို့နယ်၊ သီးဆင်ကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့် တိုးမြှင့်ပြီး ဗားလုံကျေးရွာတွင် ပြောင်းရွှေ့ချထား၍ လူနာတင်ယာဉ် တစ်စီး တွဲဖက်ထားရှိပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ကော်မရှင်အဖွဲ့ဝင်များအားလုံး ၂၀၁၅ ခုနှစ် နှစ်သစ်အခါသမယမှာ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့်အစပြုပြီး လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ဖလမ်းမြို့နယ်၊ သီးဆင် ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးပြီး ဗားလုံကျေးရွာတွင် ပြောင်းရွှေ့ချထား၍ လူနာတင်ယာဉ် တစ်စီး တွဲဖက်ထားရှိပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဗားလုံကျေးရွာသည် ကလေးမြို့မှ (၄၅)မိုင်ခန့်နှင့် ဖလမ်းမြို့မှ မိုင်(၄၀)၊ တီးတိန်မြို့ကနေပြီးမှ မိုင်(၃၉)မိုင်ခန့်ကွာဝေးပြီး ဂင်းနေရာသည် ပတ်ဝန်းကျင်(၁၈)ရွာမှ ဝန်းရံထားသော ကျေးရွာဖြစ်ပါတယ်။ စားသောက်ဆိုင်အနေနဲ့ (၂)ဆိုင်ရှိပြီး ခရီးသွားလုပ်သားပြည်သူများ ရပ်နားပြီးမှ နေ့လယ်စာ စားသုံး သုံးဆောင်တဲ့နေရာလည်း ဖြစ်ပါတယ်။ အဲဒီကျေးရွာမှာ ကျွန်တော်တို့ အထကကျောင်း(ခွဲ)လည်း ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၏ကားလမ်းများမှာ ကျဉ်းမြောင်းပြီး တောင်တက်၊ တောင်ဆင်းဖြစ်တဲ့အပြင် အကွေ့ အကောက်လည်း ပေါများပါတယ်။ တောင်စွယ်၊ တောင်ကွယ် ပေါများတဲ့အတွက် မထင်မှတ်ဘဲ အတက် အဆင်း ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ မကြာခဏ ကားအချင်းချင်းသော်လည်းကောင်း၊ ဆိုင်ကယ် အချင်းချင်းသော် လည်းကောင်း၊ ကားနဲ့ဆိုင်ကယ်သော်လည်းကောင်း ယာဉ်တိုက်မှုများ ရှိခဲ့သလို စက်ချွတ်ယွင်း၍ သော်လည်းကောင်း၊ ကားသမားအိပ်ငိုက်၍ သော်လည်းကောင်း၊ လမ်းအခြေအနေ ကြောင့် သော်လည်းကောင်း ကားများ ကမ်းပါးသို့ လိမ့်ကျပေါင်းလည်း မနည်းတော့ပါ။ ထိုသို့ ယာဉ် မတော်တဆဖြစ်သည့်အခါ လူနာများအား ကလေးမြို့နှင့်နီးလျှင် ကလေးဆေးရုံသို့ လည်းကောင်း၊ တီးတိန်မြို့နဲ့နီးလျှင် တီးတိန်ဆေးရုံသို့ လည်းကောင်း၊ ဖလမ်းမြို့နဲ့နီးလျှင် ဖလမ်းမြို့ဆေးရုံသို့ လည်းကောင်း ကားကြုံ အကူအညီတောင်းပြီး တင်ပို့ခဲ့ရပါတယ်။

သို့ရာတွင် ချင်းပြည်နယ်တွင် ကားကြုံရရှိဖို့ရာ မလွယ်ကူလှတဲ့အတွက် လူနာများအချိန်မီ နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်နိုင်ခြင်းမရှိသဖြင့် အသက် မသေသင့်ဘဲ သေတဲ့လူနာပေါင်းလည်း ရှိပါတယ်။

လူနာကလည်း သွေးသံတရဲရဲနဲ့ ညည်းညူနေသည့်ဟာကို မြင်ရသူတိုင်း စုပ်တသတ်သတ်နဲ့ ဖြစ်နေရပါတယ်။ ဘယ်သူမှ ဘယ်လိုမှ မတတ်နိုင်ကြပါဘူး။ အကယ်၍ တီးတိန်-ဖလမ်း-ကလေးမြို့မှ အလယ်ဗဟိုချက်အထိ ဗားလုံကျေးရွာတွင် ဆေးကုသနိုင်ပြီး ဆေးရုံဖွင့်လှစ်ပြီး လူနာတင်ယာဉ်ပါ တွဲဖက်ထားရှိပါက ဤပြဿနာအားလုံးပြေလည်သွားမည် ဖြစ်ပါတယ်။ လက်ရှိ ဗားလုံကျေးရွာတွင် ထော်လာဂျီ (၂)စီးသာ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို တင်ပြရခြင်းသည် ပြဿနာကို လက်ယပ်ခေါ်သလိုဖြစ်နေပေမယ့် အရေးအကြောင်း ပေါ်ပေါက်တဲ့အခါမှာ လက်မကိုင်မိ၊ ခြေမကိုင်မိ၊ အိုးနင်းခွက်နင်း၊ ပျာယာခတ်ပြီး ဆောင်ရွက်ရသဖြင့် ကြိုတင်ပြင်ဆင်မှုအနေဖြင့် အထူးလိုအပ်လှပါသည်။ တစ်ဆက်တည်း တင်ပြလိုသည်မှာ ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်မှာလည်း ဤကဲ့သို့ ယာဉ်မတော်တဆ ဖြစ်တဲ့အခါမှာ ဆေးကုသနိုင်ဖို့ ဆေးရုံဖွင့်လှစ်နိုင်ရင်လည်း ပို၍အဆင်ပြေမယ် ဖြစ်ပါတယ်။ အထက် လူကြီးများတွေဆီမှာလည်း စီမံချက်ရေးဆွဲပေးထားမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် ဗားလုံကျေးရွာအနားတစ်ဝိုက် ကျေးရွာပေါင်းမှ လူနာများ ဆေးကုသရေးအပြင် မော်တော်ယာဉ်မတော်တဆမှုကြောင့်လူနာများပါ ဆေးကုသနိုင်ရန် ဗားလုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပြီး ၎င်းတွင်မကုသနိုင်သည့် လူနာများအား ဖလမ်း၊ ကလေး၊ တီးတိန်ဆေးရုံများသို့ အဆင်ပြေပို့ဆောင်နိုင်ရေးအတွက် လူနာတင်ယာဉ်တစ်စီးပါ တွဲဖက်ထားရှိရန် အစီအစဉ် ရှိ/မရှိ ကို ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီလိုရိုသေစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်မအနေနဲ့ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနနဲ့ စပ်လျဉ်းသော မေးခွန်းများကို ကျွန်မ ဒုတိယဝန်ကြီး၊ ဒေါက်တာသိန်းသိန်းဌေး မှ ဖြေကြားပေးမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမြဝင်း ၏ မေးခွန်းနဲ့စပ်လျဉ်း၍ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ (၁)ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၅)ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန(၉)ဌာနတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ ဖားပြကျေးရွာတွင် လူဦးရေ(၂၂၈၁၅)ဦး၊ အိမ်ခြေ(၃၉၃၇)အိမ်ရှိပြီး သံဖြူဇရပ်မြို့နယ်ဆေးရုံနှင့် (၂၅)မိုင်၊ တံခွန်တိုင် တိုက်နယ်ဆေးရုံနှင့် (၂၂)မိုင်ကွာဝေးပါသဖြင့် ဖားပြကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေး

အတွက် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် ၏ မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးလက် ကျန်းမာရေးဌာန အား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရန် သပြုကျေးရွာသို့ ကွင်းဆင်းတွေ့ရှိမှု အခြေအနေ အရ အနီးဆုံးဆေးရုံသို့ သွားလာနိုင်မှုအနေဖြင့် ခရမ်းမြို့နယ် ကမာမတ်တိုက်နယ်ဆေးရုံသည် သမဲ့ချောင်း Sub Center အပိုင် ပြည်တော်သာ၊ ကမ်းမြောင်ရွာများနှင့် နီးသည်ဆိုသော်လည်း ချောင်းနှစ်ဆင့် ဖြတ်ကူးပြီး စက်လှေဖြင့် သွားလာရသဖြင့် ရာသီမရွေးသွားလာရန် အခက်အခဲရှိသည်ကို တွေ့ရပါတယ်။ သမဲ့ချောင်းရွာနှင့်ဆိုလျှင် ရေမိုင်(၁၀)မိုင် ကွာဝေးတဲ့အတွက် စက်လှေဖြင့် တစ်နာရီကျော် သွားရ၍ စက်လှေငှားခမှာ (၄)သောင်းကျပ် ကျော်ခန့် ကုန်ကျသဖြင့် သွားလာရန်ခက်ခဲပါကြောင်း၊ သပြုကျေးရွာ နှင့်ဆိုလျှင် ပို၍ကွာဝေးကြောင်း၊ ထို့အတူ လှည်းကူးမြို့နယ်အတွင်းရှိ ဒါးပိန်တိုက်နယ် ဆေးရုံသို့ သွားရောက်ရန်မှာလည်း ပေ(၁၂၀၀)ကျော် ကျယ်သည့် ပဲခူးမြစ်ကို ကူးတို့ဖြင့် ဖြတ်ကူးရပြီး ကုန်းလမ်း (၂)မိုင်ခန့် ဆက်လက်သွားရပါကြောင်း၊ ကူးတို့သမှာန်မှာလည်း ပုံမှန် နံနက် (၄)နာရီမှ ည(၇)နာရီ၊ (၈)နာရီအထိသာရှိပြီး ညဘက်အရေးပေါ် သွားရောက်ရန် အခက်အခဲရှိကြောင်း၊ ကဝမြို့နယ် အတွင်းရှိ အခြား တိုက်နယ်ဆေးရုံ(၅)ရုံမှာ မြို့၏အရှေ့ဘက်ခြမ်းတွင် တည်ရှိပြီးတော့ အနောက်ဘက်ခြမ်းမှာ တစ်ရုံမှ မရှိသေးသည်ကို တွေ့ရကြောင်း၊ အရေးပေါ်အခြေအနေတွင် ကဝမြို့နယ်ဆေးရုံသို့သာ သွားရောက်ရပြီး မြေလမ်းကို ထော်လာဂျီနှင့် သွားရန် အချိန်(၁)နာရီကျော်၊ (၁)နာရီခွဲခန့်ကြာရှိကြောင်း၊ ထို့အတူ တိုက်နယ်ဆေးရုံအဆောက်အဦ အတွက် ငွေသိန်း (၆၀၀၀)ခန့်လှူဒါန်းမည့် အလှူရှင်ရှိသကဲ့သို့ မြေနေရာအတွက်လည်း ရွာအဝင် မြေ(၅)ဧက ကျယ်မြေလှူဒါန်းရန် မြေအလှူရှင်ရှိပြီး မြေစာရင်းဌာန မှလည်း လာရောက်တိုင်းတာပြီးသည့်အတွက် ခိုင်မာမှုရှိပါကြောင်း၊ သို့ဖြစ်ပါ၍ သပြုကျေးလက် ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာ ဖြေကြား အပ်ပါတယ်ရှင်။

ဆက်လက်၍ ချင်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ၏ မေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်ရှိ လုံဘန်းတိုက်နယ် ကျန်းမာရေး ဌာနအောက်တွင် သီးဆင်ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပါတယ်။ သီးဆင်ကျေးလက် ကျန်းမာရေးဌာနခွဲ မှာ လူဦးရေ(၁၉၂)ဦး၊ အိမ်ခြေ (၂၅)အိမ်ရှိပြီး ဗားလုံကျေးရွာသည် သီးဆင်ကျေးလက် ကျန်းမာရေးဌာနခွဲ နှင့် (၃)မိုင်ကွာဝေးပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျေးလက်ကျန်းမာရေးဌာနသို့ အဆင့် တိုးမြှင့်ဖွင့်လှစ်ရာတွင် မြို့နယ်အလိုက် ကော်မတီ(၃)ရပ်၏ သဘောတူညီချက်၊ ချင်းပြည်နယ်အစိုး၏ စီစဉ်လျာထားချက်များတွင် သီးဆင်ကျေးလက် ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနသို့ တိုးမြှင့်ပေးရန် အစီအစဉ် မရှိပါကြောင်း ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှတစ်ဆင့် အကြောင်းကြား လာသည့်အတွက်ကြောင့် ကျွန်မတို့ လောလောဆယ်မှာ သီးဆင်ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနသို့ တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် ဗားလုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ပြောင်းရွှေ့ဖွင့်လှစ်ရန်အတွက်လည်း အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများတွင် အရေးပေါ် လူနာတင်ယာဉ်ထားရှိခြင်းဖြင့် လူနာလွှဲပြောင်းပေးပို့ရာမှာ အထောက်အကူဖြစ်စေမည် ဖြစ်ပါသဖြင့် လူနာတင်ယာဉ်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၏ ခွင့်ပြုချက်ရန်ပုံငွေဖြင့် ဝယ်ယူခဲ့တဲ့ လူနာတင်ယာဉ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့ထားရှိသော လူနာတင်ယာဉ်များ၊ ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းက လှူဒါန်းသည့် လူနာတင်ယာဉ်များနှင့် ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)တွင် လက်ရှိ အသုံးပြုနေသည့် လူနာတင်ယာဉ်များကို ၂၀၁၄ ခုနှစ်၊ မတ်လအတွင်း ပြည်သူ့ဆေးရုံများသို့ ခွဲဝေထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ အဆိုပါ အစီအစဉ်တွင် ဗဟိုအဆင့် ပြည်သူ့ဆေးရုံကြီး(၃၀)ရုံသို့ လူနာတင်ယာဉ် (၃၇)စီး၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆေးရုံကြီး (၃၀)ရုံသို့ လူနာတင်ယာဉ် (၃၀)စီး၊ လွှတ်တော်တွင် ကိုယ်စားလှယ်များ၏ မေးမြန်းချက်အပေါ် ဖြေကြားချက် ကတိကဝတ်များအရ ထောက်ပံ့ပေးရမည့် ဆေးရုံနှင့် နိုင်ငံခြားသား ခရီးသွားဒေသရှိ ဆေးရုံ(၂၅)ရုံအတွက် လူနာတင်ယာဉ်(၂၅)စီး၊ ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး) တွင်လိုအပ်လျက်ရှိသော လူနာတင်ယာဉ်(၁)စီး၊ စုစုပေါင်း(၉၃)စီးအား ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အဆင့်အထိ လူနာတင်ယာဉ်များ တစ်နိုင်ငံလုံး ထားရှိနိုင်ရေး စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိသော်လည်း လက်ရှိ အခြေအနေအရ ကျေးလက်ကျန်းမာရေးဌာန သို့မဟုတ် ကျေးလက်ကျန်းမာရေးဌာနခွဲသို့ လူနာတင်ယာဉ် ထောက်ပံ့ပေးရန် သို့မဟုတ် တွဲဖက်ထားရှိရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် ကျေးလက်ဒေသများအရောက် ဆောင်ရွက်ပေးနိုင်ရန် နှစ်အလိုက် ဆက်လက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တောင်သာမြို့နယ်၊ ထန်းပင်ခြံရွာသစ်ကျေးရွာတွင် ရေချိုရရှိမည့် စက်ရေတွင်း တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးအောင်မြင့်ဟန် က တောင်သာမြို့နယ်၊ ထန်းပင်ခြံရွာသစ်ကျေးရွာတွင် ရေချိုရရှိမည့် စက်ရေတွင်း တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဗိုလ်မှူးအောင်မြင့်ဟန် (တပ်မတော်သား ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ

အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၆၁၆၄ ဗိုလ်မှူးအောင်မြင့်ဟန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းသွားမယ့် မေးခွန်းကတော့ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ် ပုဒါတ်စာကုန်းကျေးရွာအုပ်စု၊ ထန်းပင်ခြံရွာသစ်ကျေးရွာရှိ ကျေးရွာသူ/ကျေးရွာသားများ သောက်ရေ၊ သုံးရေအတွက် ရေချို ရရှိမည့် စက်ရေတွင်း တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သာမြို့နယ်၊ ထန်းပင်ခြံရွာသစ်ကျေးရွာဟာ အိမ်ခြေ(၇၆)အိမ်၊ လူဦးရေ ကျား(၁၆၄)ဦး၊ မ(၂၁၃)ဦး၊ စုစုပေါင်း လူဦးရေ (၃၇၇)ဦး နေထိုင်လျက်ရှိပြီး၊ နွား၊ ဆိတ်၊ ကြက်၊ ဝက်များလည်း မွေးမြူတဲ့ ရွာတစ်ရွာ ဖြစ်ပါတယ်။ ကျေးရွာရဲ့ တောင်ဘက်အနီးမှာ ရိပ်သာတရားစခန်း တစ်ခု ရှိပါတယ်။ ဝါတွင်း၊ ဝါပ ဥပုသ်နေ့များမှာ တရားဘာဝနာပွားများခြင်း၊ တရားစခန်းများ ဖွင့်လှစ်ခြင်းတို့ရှိရာ ကန်သာယာကျေးရွာနှင့် ထန်းပင်ခြံရွာသစ်ကျေးရွာတို့မှ သူတော်စင်ပုဂ္ဂိုလ်များ တရားဘာဝနာပွားများခြင်းအလုပ်ကို လာရောက် အားထုတ်လျက်ရှိပါတယ်။ ထမင်းအသက်(၇)ရက်၊ ရေ အသက်တစ်မနက်ဆိုတဲ့အတိုင်း လူနှင့် တိရစ္ဆာန်များသည် ရေကို အမှီပြုနေထိုင်ရပါတယ်။ ကျေးလက်နေ လူထုရဲ့ လူနေမှုဘဝမှာ သောက်ရေ၊ သုံးရေ ရရှိရေးသည် အရေးပါသော ကဏ္ဍ၌ ပါရှိနေပါတယ်။

ထန်းပင်ခြံရွာသစ်ကျေးရွာဟာ မိုးရေစုဆောင်းထားရှိနိုင်သော သောက်ရေကန်လည်း မရှိပါ။ သောက်သုံးနိုင်သည့် ရေချိုရရှိရန်လည်း အနက်ပေ (၅၀၀)မှ(၁၀၀၀)အကြား တူးဖော်မှသာ ရရှိနိုင်တဲ့ ကျေးရွာဖြစ်ပါတယ်။ နိုင်ငံတော်က စီစဉ်ပေးတဲ့ မြေအောက်ရေတူးဖော်ရေး စက်ကြီး၊ ယန္တရားကြီးများဟာ အနက်ပေ(၁၀၀၀)ကျော်အထိ တူးဖော်နိုင်တယ်လို့ သိရှိရပါတယ်။ မြို့နယ်အတွင်းမှာရှိတဲ့ အငှားလိုက်တဲ့ ပုဂ္ဂလိကပိုင်စက်တွေကတော့ အနက်ပေ(၂၀၀)ကျော်သာ အများဆုံးတူးဖော်နိုင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာသူ/ကျေးရွာသားများ ယခု သုံးစွဲနေတဲ့ ရေဟာ အများဆုံး အနက်ပေ (၂၀၀)ကျော်မှ ရရှိတဲ့ အဝီစိတွင်းရေများ ရေငန်များဖြစ်သဖြင့် သောက်ရေအဖြစ် အသုံးပြုနိုင်ခြင်း မရှိပါဘူး။ ရေကို ရေချိုးခြင်း၊ ဆေးကြောခြင်း၊ အဝတ်လျှော်ခြင်း အဖြစ်သာ သုံးနိုင်ပါတယ်။ ၎င်းရေများဖြင့် ထမင်းချက်လျှင် ထမင်းဟာ အဝါရောင်အဖြစ် ပြောင်းသွားပါတယ်။ ကျေးရွာရဲ့ အစီအစဉ်ဖြင့် တူးဖော်ရန်လည်း ကျေးရွာရှိ အိမ်ထောင်စု သုံးပုံနှစ်ပုံဟာ ဆင်းရဲနွမ်းပါးသူများ ဖြစ်တဲ့အတွက် တူးဖော်ရန် မတတ်နိုင်တဲ့ အခြေအနေမှာ ရှိပါတယ်။

သို့ဖြစ်ပါ၍ အနက်ပေ (၂၀၀)ကျော် အဝီစိတွင်းရေများမှ ရရှိတဲ့ ရေငန်များကိုသာ ရေချိုးခြင်း၊ ဆေးကြောခြင်း၊ လျှော်ဖွပ်ခြင်းများ သုံးစွဲနေကြပါတယ်။ သောက်ရေအတွက် တစ်မိုင်ခန့်ကွာဝေးတဲ့ ပတ်ဝန်းကျင်ကျေးရွာများဖြစ်တဲ့ ပုဒါတ်စာကုန်းကျေးရွာရှိ သောက်ရေကန်၊ ထန်းကျင်းကျေးရွာရှိ သောက်ရေကန်၊ ကန်သာယာကျေးရွာအုပ်စု၊ မြောက်ရွာ ဘုန်းတော်ကြီးကျောင်းဝန်းရှိ အနက်ပေ(၅၀၀) ကျော်ရှိ အဝီစိတွင်းမှ ရေများကို နွားလှည်းများဖြင့် တစ်နည်း၊ ခြေလျင်လျှောက်၍ တစ်ဖုံ သယ်ယူသုံးစွဲနေကြရပါတယ်။ ယင်းကျေးရွာများဟာလည်း မိမိတို့ကျေးရွာအတွက် လုံလောက်ရုံရှိတဲ့ ရေချိုကို ခွဲဝေမသုံးစွဲချင်ကြပါဘူး။ ကန်သာယာကျေးရွာအုပ်စု၊ မြောက်ရွာ ဘုန်းတော်ကြီးကျောင်းတွင်းရှိ ရေကို သွားသယ်ယူရာမှာလည်း (၅)ဂါလံဝင် (၂)ပုံး တစ်ထမ်းလျှင် (၂၅)ကျပ်နှုန်းဖြင့် ဝယ်ယူသုံးစွဲနေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်က ကျွန်တော်တင်ပြခဲ့တဲ့ အခြေအနေတွေကြောင့် ထန်းပင်ခြံရွာသစ်ကျေးရွာရှိ ကျေးရွာသူ/ကျေးရွာသားများဟာ နိုင်ငံတော်မှ တူးဖော်ပေးမယ့် သောက်ရေ၊ သုံးရေ အသုံးပြုနိုင်မယ့် ရေချိုစက်ရေတွင်း ရရှိရေးကို လိုလားတောင်းတနေကြပါတယ်။ ကျေးရွာရဲ့ ဗဟိုကျတဲ့ ခြံနေရာမှာ ရေချိုစက်ရေတွင်း တူးဖော်နိုင်ရေးအတွက် မြေလှူဒါန်းမည့် ပုဂ္ဂိုလ်လည်း ရှိပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာမှ စက်ရေတွင်း တူးဖော်ပေးပါက ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ယူ ဆောင်ရွက်မည့် ကော်မတီကိုလည်း ကျေးရွာသူ/ကျေးရွာသားများ ဆန္ဒဖြင့်အညီ ရွေးချယ်တင်မြှောက်မည် ဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ပြီးခဲ့တဲ့နှစ်က တောင်သာမြို့နယ်အတွင်းမှာ နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေမှ တူးဖော်ပေးတဲ့ အစီအစဉ်မှာလည်း ထန်းပင်ခြံရွာသစ်ကျေးရွာဟာ မပါဝင်ခဲ့ပါဘူး ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာ၊ ရပ်ကွက်တိုးတက်မှ မြို့နယ်တိုးတက်ပါမယ်။ မြို့နယ်များ တိုးတက်မှ တိုင်းဒေသကြီး၊ ပြည်နယ်များ တိုးတက်ပါမယ်။ တိုင်းဒေသကြီး၊ ပြည်နယ်များ တိုးတက်မှ နိုင်ငံတော် တိုးတက်ပါမယ်လို့ ဆိုထားပါတယ်။ နိုင်ငံတော်တိုးတက်မှုရဲ့ အခြေခံဖြစ်တဲ့ ကျေးရွာကလေးများ တိုးတက်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျေးရွာများ တိုးတက်ဖို့အတွက် နိုင်ငံတော်မှ ပံ့ပိုးကူညီရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှ ပံ့ပိုးကူညီပေးမယ့် အစီအစဉ်ကိုလည်း ထန်းပင်ခြံရွာသစ်ကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများက အထူးမျှော်လင့်တောင်းတနေကြပါတယ်။

သို့ဖြစ်ပါ၍ ထန်းပင်ခြံရွာသစ်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကျေးရွာအတွင်း မှီတင်းနေထိုင်ကြတဲ့ လူနှင့် တိရိစ္ဆာန်များ ရေချိုသောက်သုံးနိုင်ရေးအတွက် မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ ပုဒါတ်စာကုန်း ကျေးရွာအုပ်စု၊ ထန်းပင်ခြံရွာသစ်ကျေးရွာတွင် သောက်ရေရော၊ သုံးရေပါ အသုံးပြုနိုင်မယ့် ရေချိုရရှိ မည့် စက်ရေတွင်း တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ ကျေးရွာသူ/ကျေးရွာသားများ၏ အကျိုးငှာ ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကျိုင်းတုံမြို့နယ်၊ နောင်မရွာ နှင့် ကတ်ထိုက်ဝမ်လိုင်းရွာ မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် က ကျိုင်းတုံမြို့နယ်၊ နောင်မရွာနှင့် ကတ်ထိုက်ဝမ်လိုင်းရွာ မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျိုင်းတုံမြို့နယ်၊ ဝပ်ဆောင်းကျေးရွာအုပ်စုရှိ နောင်မရွာနှင့် ကတ်ထိုက်ကျေးရွာအုပ်စုရှိ ကတ်ထိုက်ရွာ အုပ်စုချင်းဆက်

မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဥ်နဲ့ ပတ်သက်ပြီး ကျေးရွာလူထုရဲ့ ကိုယ်စား မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းရဲ့အနေအထားကို မတင်ပြမီ ဦးစွာ မြို့ရဲ့တည်ရှိပုံ အနေအထားကို အနည်းငယ်တင်ပြလိုပါတယ်ခင်ဗျား။ ကျိုင်းတုံမြို့ရဲ့ တည်နေရာဟာ ဒယ်အိုး ပုံသဏ္ဌာန် သဖွယ် တောင်ပတ်လည်ဝန်းရံနေတဲ့ ချိုင့်ဝှမ်းထဲမှာ တည်ရှိပါတယ်။ ကျိုင်းတုံချိုင့်ဝှမ်းလို့လည်း ခေါ်ပါတယ်ခင်ဗျား။ တင်ပြပါ ကတ်တောင်ကျေးရွာအုပ်စု၊ ဝပ်ဆောင်းကျေးရွာအုပ်စု၊ ကတ်ထိုက်ကျေးရွာ အုပ်စုတွေဟာ ချိုင့်ဝှမ်းရဲ့ အလယ်ဗဟိုမှာတည်ရှိတဲ့ ကျေးရွာအုပ်စုများ ဖြစ်ပါတယ်ခင်ဗျား။ လယ်မြေ ကောင်းမွန်ပြီး ချောင်းငယ်၊ မြောင်းငယ်များ ပေါကာ ကျိုင်းတုံမြို့နယ်ရဲ့ စပါးထွက်ရှိရာ ဒေသဖြစ်ပါတယ် ခင်ဗျား။ အနိမ့်ပိုင်းမှာ တည်ရှိတဲ့အတွက် ရွာလမ်းတွေတော့ မကောင်းပါဘူးခင်ဗျား။ ယခုအခါ အဲဒီ အုပ်စုများအတွက် နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ၂၀၁၂ ခုနှစ်မှာ (၆)မိုင်ရှည်တဲ့ ကျိုင်းတုံ-ကတ်တိုက်လမ်းကို ကတ္တရာခင်းပေးပါတယ်။ ယခင်ကလည်း ကျိုင်းတုံ-ကတ်ထောက်လမ်းကို (၆)မိုင် ကတ္တရာခင်းပေးပြီး ဖြစ်ပါတယ်ခင်ဗျား။ ယခု ကျွန်တော် တင်ပြတောင်းခံမယ့် လမ်းဟာ အဲဒီ ကတ္တရာ လမ်း(၂)လမ်းကို ဆက်သွယ်နေတဲ့ ကြားလမ်း ဖြစ်ပါတယ်ခင်ဗျား။ အုပ်စုချင်းဆက်လမ်းလည်း ဖြစ်ပါတယ် ခင်ဗျား။ အဲဒီလမ်းကိုသာ ကျောက်ချောလမ်းအဆင့် မြှင့်တင်ပေးနိုင်ရင်တော့ ရွာပေါင်းများစွာ သွားရေး လာရေးအတွက် များစွာအဆင်ပြေသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

ဝပ်ဆောင်းကျေးရွာအုပ်စုရဲ့ အတွင်းပိုင်းမှာ နောင်မရွာ၊ မိုင်မောရွာ၊ နောင်တောင်းရွာ၊ ဆစ်ဖုန်းရွာ၊ ဝမ်တိမ်၊ ဝမ်ဟိမ် စတဲ့ရွာများ ရှိပါတယ်ခင်ဗျား။ အိမ်ထောင်စုပေါင်း (၂၀၀)ကျော်ပါတယ် ခင်ဗျား။ ကတ်ထိုက်ကျေးရွာအုပ်စုရဲ့ အတွင်းပိုင်းမှာတော့ ပေါက်ကတ်၊ သဲဆိုင်း၊ ဝမ်ဟိုင်း၊ ဝမ်လိုင်းစတဲ့ ရွာများရှိပါတယ်ခင်ဗျား။ အိမ်ထောင်စုပေါင်း (၂၃၀)ခန့် ရှိပါတယ်ခင်ဗျား။ အဲဒီ အုပ်စု(၂)စုပေါင်း (၁၂) ရွာဟာ အိမ်ခြေ(၄၃၀)နဲ့ လူဦးရေ (၂၃၀၀)ကျော် အသုံးပြုနေကြတဲ့ လမ်းဖြစ်ပါတယ်ခင်ဗျား။ အဲဒီ လမ်းဟာ ယခင်ကတည်းက ဖောက်လုပ် အသုံးပြုနေပေမယ့် အနိမ့်ပိုင်း ရေဝပ်တဲ့ ဒေသမှာ တည်ရှိတဲ့ လမ်း ဖြစ်တဲ့အတွက်ကြောင့် ယခုအထိ လမ်းပုံမပေါ်ဘဲ ရွှံ့ဗွက်များ၊ ရေအိုင်များနဲ့ ပြည့်နေတတ်ပါတယ်။ ၎င်း(၁၂)ရွာစလုံး စာသင်ကျောင်းမရှိတဲ့ အတွက်ကြောင့် ရွာထဲရှိကလေးများ ကတ်ထိုက်နဲ့ နီးလို့ရှိရင် ကတ်ထိုက်မူလတန်းကျောင်း၊ ဝပ်ဆောင်းအုပ်စု၊ လတ်ထိုက်နဲ့ နီးလို့ရှိရင် လတ်ထိုက်မူလတန်းကျောင်း စသည်ဖြင့် ရွှံ့ထဲ၊ ရေထဲ (၂)မိုင်၊ (၃)မိုင် လမ်းလျှောက်ပြီး ကျောင်းသွားတက်နေရပါတယ်ခင်ဗျား။ ဆေးပေးခန်းကိုလည်း အလားတူပဲ ဖြစ်ပါတယ်ခင်ဗျား။ မိုးတွင်းကာလမှာဆိုရင် ကားသွားလာလို့ မရတဲ့ အတွက်ကြောင့် အရေးပေါ်လူနာများအတွက် များစွာဒုက္ခရောက်ပါတယ်ခင်ဗျား။

အဲဒါကြောင့် ရာသီမရွေး သွားလာနိုင်အောင် ပထမအဆင့်အနေနဲ့ ကျောက်ချောလမ်းခင်းပေး ရန် လိုအပ်ပါတယ် ခင်ဗျား။ လမ်းရဲ့ အရှည်ကတော့ (၄)မိုင်ခွဲခန့်ရှိပြီး လက်ရှိ ကွန်ကရစ်တံတားငယ် (၂)စင်း ရှိပါတယ်။ ရေကျော် (၂)နေရာ၊ (၃)နေရာရှိပါတယ်။ ရွာသားများကတော့ သစ်၊ ဝါးများဖြင့် သွားလာနိုင်အောင် ပြုလုပ်ထားပါတယ်ခင်ဗျား။ အဲဒီလမ်းကို ကျေးရွာမှ နှစ်စဥ်ပြုပြင်ပြီး အသုံးပြုနေ သော်လည်း ထပ်မံပြီးတော့ မြေနဲ့ကျောက်များ ထပ်ဖို့ ဖို့ လိုအပ်ပါတယ်။ ရွာသားများရဲ့ အင်အားနဲ့ မတတ်နိုင်ပါသဖြင့် အကူအညီတောင်းခံ တင်ပြလာပါတယ် ခင်ဗျား။

သို့ဖြစ်ပါ၍ နောင်မရွာနဲ့ ကတ်ထိုက်ရွာ အုပ်စုချင်းဆက်လမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်း အဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ်များကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အင်ပူ-ညောင်ကျိုး ကားလမ်းပေါ်ရှိ ပျက်စီးနေသော နောက်မီး-ကညင်တစ်ပင် ကျောက်ကြမ်းလမ်း အရှည် (၃)မိုင်ခွဲအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဌေးဝင်း က အင်ပူ - ညောင်ကျိုး ကားလမ်းပေါ်ရှိ ပျက်စီးနေသော နောက်မီး - ကညင်တစ်ပင် ကျောက်ကြမ်း လမ်း အရှည် (၃) မိုင်ခွဲအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့များကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ်၊ အင်ပူ-ညောင်ကျိုး ကားလမ်းပေါ်မှာရှိတဲ့ ပျက်စီးနေတဲ့ နောက်မီးကျေးရွာနဲ့ ကညင်တစ်ပင်ကျေးရွာကြား လမ်းပိုင်းပေါ်ရှိ ကျောက်ကြမ်းလမ်း အရှည်(၃)မိုင်ခွဲခန့် ပျက်စီးနေမှုအား ပြုပြင်၍ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေးနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ အင်ပူမြို့နယ်၊ အင်ပူ-ညောင်ကျိုးလမ်းပေါ်ရှိ နောက်မီး-ကညင်တစ်ပင်လမ်းပိုင်းသည် အရှည်(၃)မိုင်ခွဲခန့်ရှိပြီး မြို့နယ် စည်ပင်သာယာရေး ရန်ပုံငွေမှ ကုန်ကျမှုဖြင့် ၂၀၁၀ ခုနှစ်ခန့်က ကျောက်ကြမ်းခင်းလမ်းအဖြစ် ခင်းခဲ့ပြီး ၂၀၁၂ ခုနှစ်ခန့်က အပေါ်မှ ကျောက်ချောတစ်လွှာ ထပ်ပိုးခင်းခြင်းဖြင့် ပြုပြင်ခဲ့ပါတယ်။ အဆိုပါ ကျောက်ချောခင်းရာတွင် မြေထိန်းလမ်းပုခုံးသား မြှင့်တင်မှု အားနည်းခြင်း၊ လမ်းဘေးဝဲယာရှိ သစ်ပင်ချုံနွယ်များကြောင့် မိုးရေစိမ့်ခမ်းလွန်းခြင်း၊ ကျောက်ချောခင်းရာတွင် အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲမှု အားနည်းခြင်း၊ မိုးများသော ကာလများမှာ ကုန်ကားများ၊ တန်ပိုတင်ဆောင်သော ကားများ ဝင်ရောက်မှု လက်ခံခြင်းတို့ကြောင့် အင်ပူ-ညောင်းကျိုးကားလမ်းသည် ရှေ့ကခင်း၊ နောက်ကပျက် ဖြစ်နေပါတယ်။ နှစ်စဉ်လည်းပဲ လမ်းပျက်လျက်ရှိပါတယ်။ ဒီလမ်းပျက်နေတဲ့အတွက် ကျွန်တော်တို့ ဒေသမှာရှိတဲ့ တစ်ခုတည်းသော လိုင်းကား၊ မှန်လုံကားဟာ မထွက်နိုင်ခဲ့တာ တစ်နှစ်ကျော်သွားပြီ ဖြစ်ပါတယ်ခင်ဗျား။

အထက်မှတင်ပြခဲ့သော နောက်မီးကျေးရွာနှင့် ကညင်တစ်ပင်ကျေးရွာ ကြားမှာရှိတဲ့ လမ်းပိုင်းဟာ ယခုနှစ် ပြီးခဲ့တဲ့မိုးရာသီမှာ ကားဘီးမြုပ်သွားနိုင်လောက်တဲ့အထိ တွင်းချိုင့်ကြီးများ၊ ရေအိုင်ကြီးများဖြင့် ပျက်စီးလျက်ရှိပါတယ်။ ဆိုင်ကယ်ဖြင့်ပင် ခက်ခက်ခဲခဲ သွားလာရတဲ့လမ်း ဖြစ်နေ ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ အင်္ဂပူ-ညောင်ကျိုးကားလမ်းကို နောက်မီး-ကညင်တစ်ပင်လမ်းပိုင်းပေါ်ရှိ ပျက်စီးနေသော ကျောက်ကြမ်းလမ်း အရှည်(၃)မိုင်ခွဲခန့်အား ကျောက်ချောခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ပေးပါရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁ဝး၃၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁ဝး၃၈။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်မြင့်ဟန် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားပေးမှာ ဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီး ဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂ဝ၁၄-၂ဝ၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် (၄၄၄၇.၈၇)သန်းဖြင့် တွင်းတိမ်၊ တွင်းနက်(၂၇)တွင်း၊ တွင်းနက်(၂၄၂)တွင်းနဲ့ လက်တူးတွင်း (၁)တွင်း၊ မိုးရေလှောင်ကန်(၅၄)ကန်၊ စိမ့်စမ်းရေသွယ် (၆)ခုနဲ့ အခြား ရေလုပ်ငန်း(၅၁)ခု စုစုပေါင်း ရေရရှိရေးလုပ်ငန်းမှ (၃၈၁)ခုကို ဆောင်ရွက်ခွင့်ပြုထားခဲ့ပါတယ်။ တောင်သာမြို့နယ်အနေနဲ့ ပြန်ကြည့်လို့ရှိရင် ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေနဲ့ ၂ဝ၁၄-၂ဝ၁၅၊ ယခုနှစ်မှာ ရန်ပုံငွေ (၃၄၅)သန်းဖြင့် တွင်းတိမ်(၃)တွင်း၊ တွင်းနက်(၉)တွင်းနဲ့ မြေသားကန်(၇၂)ကန်၊ စုစုပေါင်းရေလုပ်ငန်း(၁၉)ခု ဆောင်ရွက်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်မှ တင်ပြထားတဲ့ တောင်သာမြို့နယ်အတွင်းမှာ သန့်ရှင်းသော သုံးသောက်ရေ ရရှိရေးအတွက် လိုအပ်တဲ့ ပုဒါတ်စာကုန်း ကျေးရွာအုပ်စု၊ ထန်းပင်ခြံကျေးရွာသစ်မှာ ရေရရှိရေးလုပ်ငန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၂ဝ၁၅-၂ဝ၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ဦးစားပေးပြီးတော့ ငွေကျပ်(၉.၉၅)သန်းဖြင့် တွင်းနက်(၁)တွင်း လျာထားတင်ပြထားပြီး ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

နံပါတ်(၂)မေးခွန်းအနေနဲ့ ဖြေကြားရလျှင် လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်ကျောက်ဆမ် ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ကျွန်တော် ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ ဝပ်ဆောင်းကျေးရွာအုပ်စု၊ နောင်မ၊ ကတ်ထိုက်ဝမ်လိုင်း လမ်းကြောင်းပေါ်မှာ (၄)မိုင် (၄)ဖာလုံရှိတဲ့ မြေသားလမ်းကို ကျောက်ချောခင်းဖို့ ဖြစ်ပါတယ်။ စုစုပေါင်း ခန့်မှန်းကုန်ကျငွေကတော့ (၃၂၄.၆၆၅)သန်း ဖြစ်ပါတယ်။ အဆိုပါ လမ်းကို

ကျေးရွာပေါင်း (၁၄)ရွာ၊ အိမ်ခြေပေါင်း(၅၇၁)နဲ့ လူဦးရေပေါင်း(၃၂၈၉)ဦးတို့ကို အကျိုးပြုတာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ချုပ် အနေနဲ့ ကျွန်တော်တင်ပြရလျှင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဆိုလို့ ရှိရင် ရန်ပုံငွေ (၁၀၄၃၀.၉၅၄)သန်း၊ ကတ္တရာလမ်းအနေဖြင့် (၂၄)မိုင်၊ ကျောက်ချောလမ်း အနေဖြင့် (၁၁၃)မိုင်၊ မြေသား လမ်း အနေဖြင့် (၁၅၇)မိုင်၊ သစ်သားတံတား (၁၆၄၅)ပေနဲ့ ရေပြွန် (၁၅၂၇)ပေ၊ ဆောင်ရွက်ခွင့် ပြုထားပြီး ဖြစ်ပါတယ်။

ကျိုင်းတုံမြို့နယ်မှာ ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန အနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ (၅၃၃.၂၈)သန်း ကျွန်တော်တို့ လမ်းတံတားနဲ့ ပတ်သက်လို့ ဆောင်ရွက်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ မေးမြန်းထားတဲ့ ကျိုင်းတုံမြို့နယ်၊ ဝပ်ဆောင်းကျေးရွာအုပ်စု၊ နောင်မ၊ ကတ်ထိုက်ဝမ်လိုင်း လမ်းကြောင်း ကို မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေ မှာ ခွင့်ပြုထားခြင်း မရှိသေးပါဘူး။ လတ်တစ်လောအနေနဲ့လည်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါ ကြောင်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက် လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မေးခွန်းနံပါတ်(၃)အနေနဲ့ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ပြန်လည်ပြီးတော့ ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အင်္ဂပူ-ညောင်ကျိုးလမ်းပေါ်မှာရှိတဲ့ နောက်မီး ကျေးရွာနဲ့ ကညင်တစ်ပင်ကျေးရွာ တံတားအထိ လမ်းက (၃)မိုင်နဲ့ (၄)ဖာလုံရှိပါတယ်။ ကျောက်ချော လမ်းခင်းလို့ရှိရင် (၂၈၆.၈၂၅)သန်းခန့် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်ခင်ဗျား။ အဆိုပါလမ်းကို ကျေးရွာ ပေါင်း(၁၉)ရွာ၊ လူဦးရေပေါင်း (၁၃၆၃၅)ဦးကို အကျိုးပြုတဲ့ လမ်းလည်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်း ဒေသကြီးအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဝန်ကြီးဌာန အနေနဲ့ ရန်ပုံငွေ (၂၃.၃၄၉)ဘီလီယံကျပ် ခွင့်ပြုဆောင်ရွက်လျက်ရှိပါတယ်။ ကတ္တရာလမ်းအနေဖြင့် လမ်းအရှည် (၂၂)မိုင် (၆)ဖာလုံ၊ ကျောက်ချော လမ်း အနေနဲ့ (၂၆၆)မိုင်နဲ့ (၇)ဖာလုံ၊ မြေသားလမ်းအနေနဲ့ (၁၄၂.၄)ဖာလုံနဲ့ ကွန်ကရစ်လမ်း (၂၁၉၃) ပေနဲ့ သစ်သားတံတား (၈၅၆၄)ပေ၊ ရေပြွန်(၂၈၅၈)ပေ ဆောင်ရွက်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

အင်္ဂပူမြို့နယ် အနေနဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန အနေနဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှာ (၁.၁၄၇၉)ဘီလီယံ ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ကျောက် ချောလမ်းအနေနဲ့ (၁၁)မိုင် (၇)ဖာလုံ၊ မြေသားလမ်း အနေနဲ့ (၁၁)မိုင်နဲ့ သစ်သားတံတား(၂၂၇)ပေ၊ ရေပြွန်(၂၀)ပေတို့ကို ဆောင်ရွက်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ဒီ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မှ မေးမြန်းတဲ့ အင်္ဂပူမြို့နယ်၊ နောက်မီးကျေးရွာနဲ့ ကညင်တစ်ပင်ကျေးရွာအထိ လမ်းကို မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန အနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ ရန်ပုံငွေတွင် ထည့်သွင်းထားခြင်း မရှိသေးပါကြောင်းနဲ့ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါ ကြောင်း၊ ကျေးလက်ဒေသလုပ်ငန်းများကိုလည်း ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိပါ ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင် ဆွေးနွေးနိုင်ရန် ပေးပို့လာသော မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၁၇-၁၀-၂၀၁၄ ရက်နေ့တွင် လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂၈-၁၀-၂၀၁၄ ရက်နေ့တွင် ပြင်ဆင် ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မျိုးစေ့ ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာပါတယ်။ ပြည်သူ့ လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၂-၁-၂၀၁၅ ရက် (ကြာသပတေးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၄၇ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၂ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ (၁၉၆၁)ခုနှစ် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာအား ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကော်မတီကိုယ်စား ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဦးတင်ယု က အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄ - ၆၁၈
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အစီရင်ခံစာကို ၂၇-၁၀-၂၀၁၄ ရက်နေ့ တွင် ကျင်းပသော ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဖတ်ကြားတင်သွင်းခဲ့ရာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ ဦးကျော်ထွန်းအောင် က အကြံပြု ဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ သည် ၂၆-၁၁-၂၀၁၄ ရက်နေ့တွင် ဦးကျော်ထွန်းအောင် ၏ အကြံပြုချက်အပေါ် လေ့လာသုံးသပ်သည့် အစည်းအဝေး ကျင်းပခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွန်းအောင် ၏ အကြံပြုဆွေးနွေးချက်များအပေါ် အောက်ပါအတိုင်း လေ့လာသုံးသပ်ရရှိပါသည် -

(က) ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ချေချုပ်နှင့် ခံဝန် အက်ဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (၂) တွင် "နိုင်ငံတော်သမ္မတသည် ဤအက်ဥပဒေတစ်ခုလုံးကိုသော်လည်းကောင်း၊ ဤအက်ဥပဒေ၏ အစိတ်အပိုင်းကို သော်လည်းကောင်း၊ အမိန့်ကြော်ငြာစာဖြင့် ရုပ်သိမ်းနိုင်သည်" ဟုဖော်ပြထားပါသည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြုခြင်းအတွက် ပြဋ္ဌာန်းထားသည့် ပုဒ်မ ၉၅ မှ ၁၀၈ အထိ ပုဒ်မပေါင်း ၁၄ ခု တွင် ဥပဒေပြဋ္ဌာန်းခြင်း၊ တည်ဆဲဥပဒေကို ပြင်ဆင်ခြင်း၊ တည်ဆဲဥပဒေကို ရုပ်သိမ်းခြင်း အခွင့်အာဏာများကို ပြည်ထောင်စုလွှတ်တော်ကသာ ဆောင်ရွက်ခွင့်ရှိကြောင်း ဖော်ပြထားပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၀၅ အရ နိုင်ငံတော်သမ္မတက ဥပဒေ အဖြစ် ထုတ်ပြန်ကြေညာခြင်း ဆောင်ရွက်ခွင့်ရှိပါသည်။ သို့ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ နိုင်ငံတော်သမ္မတက ဥပဒေကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန် ရုပ်သိမ်းခွင့်ရှိကြောင်း ပြဋ္ဌာန်းဖော်ပြထားခြင်း မရှိသဖြင့် မူလဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(၂)ကို ပယ်ဖျက်သင့်ပြီး ယင်းပုဒ်မ၊ ပုဒ်မခွဲ(၁) တွင်ပါရှိသော "ဤဥပဒေကို ၁၉၆၁ ခုနှစ်၊ ပြစ်မှု ကျူးလွန်တက်သူများ ချေချုပ်နှင့် ခံဝန် အက်ဥပဒေ ဟု ခေါ်တွင်စေရမည်" ဆိုသည့် စကားရပ်ကို အပိုဒ် ၁ အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(ခ) ဦးကျော်ထွန်းအောင် က ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တက်သူများ ချေချုပ်နှင့် ခံဝန် အက်ဥပဒေတွင်ပါရှိသည့် ရာဇဝတ်တရားသူကြီးဆိုသည့် စကားရပ်များကို ပြင်ဆင် သင့်ကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ သည် တရားရေး ဝန်ထမ်းများ၏ အသုံးအနှုန်းများ အပါအဝင် ခေတ်နှင့်အညီ ပြင်ဆင် သင့်သည်များကို ပြင်ဆင်နိုင်ရန်အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော် သို့ တင်ပြဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့လည်း အစီရင်ခံစာ တင်သွင်းပြီးဖြစ်သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း တို့ကို အတည်ပြု ပြဋ္ဌာန်းပြီးလျှင် တရားရေးဝန်ထမ်းများ၏ အသုံးအနှုန်းများကို စကားရပ်များအစားထိုးသည့် ဥပဒေအရ ပြင်ဆင်ဆောင်ရွက်နိုင် မည် ဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွန်းအောင်၏ အကြံပြုဆွေးနွေး ချက်အရ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်နှင့် မူလတင်ပြပြီးဖြစ်သည့် ပြင်ဆင်ချက်များအပေါ် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအစီရင်ခံ အပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန် အက်ဥပဒေကို
ပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် -

အပိုဒ် ၂

၁၉၆၁ ခုနှစ်၊ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ(၂)ကို ပယ်ဖျက်ရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃

၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော ၁၅ ရက်ထက် မပိုစေသော ဆိုသည့် စကားရပ်ကို စုစုပေါင်း ၁၅ ရက် ထက် မပိုစေသော ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် -

အပိုဒ် ၄၊ အပိုဒ် ၅

၄။ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(၁) တွင် ပါရှိသော "ရာဇဝတ် တရားသူကြီးသည် မိမိက သတ်မှတ်သင့်တော်သည်ဟု ထင်မြင်သည့် သုံးနှစ် ထက်မပိုသော ကာလအတွင်း ထိုသူ ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်သူနှင့် ခံဝန်ချုပ်ကို ချုပ်စေ" ဟူသော စကားရပ်ကို "ရာဇဝတ်တရားသူကြီးသည် မိမိက သတ်မှတ်သင့်တော်သည် ဟု

ထင်မြင် သည့် တစ်နှစ်ထက်မပိုသော ကာလအတွင်း ထိုသူကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်သူ နှင့် ခံဝန်ချုပ်ကိုချုပ်စေ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန် အက်ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၂)တွင် ပါရှိသော “နှစ်နှစ်” ဆိုသည့် စကားရပ်ကို တစ်နှစ်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ဖြည့်စွက် ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ နှင့် အပိုဒ် ၅ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ နှင့် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် မူလဥပဒေကြမ်း ၏ အပိုဒ် ၃ နှင့် အပိုဒ် ၄ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားသည့် ဥပဒေကြမ်း၏ -

အပိုဒ် ၁ နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့် အပိုဒ် ၆ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ ရေ မြေ ရာသီဥတုနှင့် ကိုက်ညီသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ‘ဝ’ ဥ ခေါ် ဖျံ့ဥ ကို စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်ရန် နိုင်ငံတော်မှ စနစ်တကျ စီမံချက်ရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က ရေ မြေ ရာသီဥတုနှင့် ကိုက်ညီသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ‘ဝ’ ဥ ခေါ် ဖျံ့ဥကို စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်ရန် နိုင်ငံတော်မှ စနစ်တကျ စီမံချက်ရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးဟာရှိန်းဘွေ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြမယ့်အဆိုကတော့ ရေ မြေ ရာသီဥတုနဲ့ကိုက်ညီတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ‘ဝ’ ဥ ခေါ် ဖျံ့ဥကို စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်ရန် နိုင်ငံတော်မှ စနစ်တကျ စီမံချက်ရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုပဲ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ‘ဝ’ ဥ ခေါ် ဖျံ့ဥရဲ့ မျိုးပွားကို ရန်ကုန်တိုင်း၊ မော်ဘီမြို့နယ်နဲ့ တိုက်ကြီးမြို့နယ်များတွင် စီးပွားဖြစ် နိုင်ငံခြားသို့ တင်ပို့ရောင်းချရန်လုပ်ငန်းရှင်ကြီးများမှ စနစ်တကျ စိုက်ပျိုးလာကြသလို ကျွန်တော်တို့ချင်းပြည်နယ်တောင်ပိုင်းရှိ မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်၊

မတူပီမြို့နယ်၊ ပလက်ဝမြို့နယ်များတွင်လည်း လွန်ခဲ့တဲ့ နှစ်(၂၀) အစိတ်လောက်ကစ၍ အလေ့ကျ ပေါက်တဲ့အပင်များကို တောထဲမှ ရှာဖွေစုဆောင်းပြီး ရောင်းချတဲ့အဆင့်ကနေပြီးတော့မှ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်က (၂၀၀၄)ခုနှစ်လောက်ကစပြီး မိမိတို့ ခြံများတွင် စိုက်ပျိုး၍ရောင်းချသည့်အဆင့်သို့ ရောက်ရှိလာရာ ယခုအချိန်တွင် ကျေးရွာတိုင်း၊ အိမ်ထောင်စုတိုင်း မိမိတို့ပိုင် မြေကွက်များတွင် မစိုက် ပျိုးသူမရှိ တစ်ရွာလုံး၊ တစ်နယ်လုံးမှ ‘ဝ’ ဥ ခေါ် ဖျံ့ ဥကိုသာ အဓိကရောင်းကုန်အဖြစ် စနစ်တကျ လက်လှမ်းမီသလောက် ကြိုးစားပြီး မိသားစုဝင်ငွေရရှိရေးအတွက် စိုက်ပျိုးလာကြပါတယ်။ နိုင်ငံခြား ဈေးကွက်ရှိတဲ့ သီးနှံမျိုးဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မင်းတပ်မြို့နယ်ရှိ ယခုအခါ ‘ဝ’ ဥ ခေါ် ဖျံ့ ဥကို အရင်းအနှီး များများနဲ့ စိုက်ပျိုးနိုင်သူများဟာ (၃)နှစ်သက်တမ်း ဥ ဖော်ပြီးရောင်းရငွေ သိန်း(၁၅၀)(၂၀၀)ထိရရှိသူ များလည်းရှိနေပါတယ်။ မြို့ပေါ်တွင် အိမ်ကောင်းများဆောက်လုပ်နိုင်ခြင်း၊ ကားများဝယ်ယူစီးနိုင်ခြင်း စသည်ဖြင့် တိုးတက်လာတာကို တွေ့ရပါတယ်။ ‘ဝ’ ဥ အကြောင်းကို တင်ပြရရင် ‘ဝ’ ဥ မှာ သုံးမျိုး သုံးစားရှိကြောင်း ဂျပန်ပညာရှင်များရဲ့ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့စဥ်က သိရှိရပါတယ်။

ပထမတန်းစား အနီမျိုး၊ ဒုတိယတန်းစား အဝါမျိုးနဲ့ တတိယတန်းစား အဖြူမျိုးဆိုပြီး သုံးမျိုးသုံးစား ရှိပါတယ်။ မိမိတို့မြို့နယ်ရှိ ပေါက်ဈေးမှာ အစို တစ်ပိဿာကို(၈၀၀)ကျပ်၊ အခြောက် တစ်ပိဿာကို (၅၆၀၀)၊ (၆၀၀၀)ကျပ်အထိ ရှိပါတယ်။ အနီဥနဲ့ အဝါဥမျိုးသည် အရွက်တွင် အသီးသီး၍ (၆)လုံးမှ (၁၂)လုံးထိရှိပါတယ်။ အဖြူဥမျိုးသည် ပြောင်းဖူးကဲ့သို့ အဖူးတွင် အစင်းငယ် များ၊ အစေ့ငယ်များ၊ အလုံး(၂၅၀)ကျော် အထိရှိပါတယ်။ ယင်းအစေ့ငယ်များကို ပျိုးဘောင်လုပ်ပြီး ပထမနှစ်တွင် ပျိုးထောင်ပြီး နောက်နှစ်တွင် ရွှေ့စိုက်ရပါတယ်။ တစ်နှစ်သားဥကို စိုက်လျှင် (၂)နှစ် (သို့မဟုတ်) (၃) နှစ် တွင် ပြန်လည်ဖော်ရပါတယ်။ (၃)နှစ်သက်တမ်းရှိတဲ့ ဥဝါမျိုးသည် တစ်လုံးကို (၅)ပိဿာထိ ရှိပါတယ်။ ဥနီမျိုးဟာ (၄)ပိဿာထိရှိပါတယ်။ ချင်းပြည်နယ်မှာ အကြီးဆုံးဥဝါမျိုးဟာ (၇)ပိဿာခွဲအထိရှိကြောင်း မှတ်တမ်းပြုစုထားတာရှိပါတယ်။ ပြည်မမှာ စနစ်တကျ စိုက်ပျိုးရာတွင် ဘောင်များ ပြုလုပ်ပြီး ရေသွင်း၍ စိုက်ပျိုးကြပါတယ်။ (၇)လ(၁၀)လအတွင်း ပြန်ဖော်ပြီး (၇၀)ကျပ် သားနှင့်အထက်သည် ရောင်းတန်းဝင်ကြောင်း သိရှိရပါတယ်။ ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချတဲ့လိုင်းနဲ့ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချတဲ့လိုင်းဟူ၍ (၂)မျိုးရှိပါတယ်။

မေလမှာ စတင်စိုက်ပျိုးပြီး အောက်တိုဘာ၊ နိုဝင်ဘာတွင် သက်တမ်းကုန်ပြီး ဥ ဖော်ရပါတယ်။ ချက်ချင်းမဖော်ဘဲ နွေရာသီ၊ မတ်၊ ဧပြီမှာလည်း ဖော်လို့ရပါတယ်။ ရာသီချိန်ရောက်ရင် ချင်းပြည်နယ် တောင်ပိုင်း၊ မင်းတပ်မြို့နဲ့ ကန်ပက်လက်မြို့၊ မတူပီမြို့နယ်များတွင် ကျေးရွာအထိ ကွင်းဆင်းပြီး ပွဲစားများမှ ဝယ်ယူကြ၍ နှစ်စဥ် အောက်တိုဘာ၊ နိုဝင်ဘာတွင် ကျေးရွာများ၌ မြို့သို့ တက်ရောင်းစရာ မလိုဘဲ မိသားစုဝင်ငွေ တစ်နှစ်ကို သိန်း(၂၀)၊ သိန်း(၃၀)၊ သိန်း(၅၀)အထိ ရရှိနေကြ၍ မိသားစုဝင်ငွေ ကောင်းလျက် ရှိပါတယ်။

စိုက်ပျိုးရေးပညာရှင် ချင်းပြည်နယ်၊ စိုက်ပျိုးရေးဝန်ကြီးမှ မင်းတပ်မြို့နှင့်ကန်ပက်လက်မြို့ သို့ လာရောက်လေ့လာပြီး နောင်တွင် ချင်းပြည်နယ်၏ စီးပွားရေးထွက်ပေါက်သည် ‘ဝ’ ဥ စိုက်ပျိုးခြင်း ဖြစ်လာမည်ဟု မှတ်ချက်ပြုခဲ့ပါတယ်။ ယခုအခါ ချင်းပြည်နယ်မြောက်ပိုင်းမြို့နယ်များတွင်လည်း စတင် စိုက်ပျိုးလာကြပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖျံ့ ဥခေါ် ‘ဝ’ ဥ၏ အပင်အမြင့်ဟာ (၃)ပေမှ (၇)ပေအထိမြင့်ပါတယ်။ ပင်သက်(၄)နှစ်အကြာမှာသာပွင့်ပြီး အပင်သက်တမ်း ကုန်ဆုံးပါတယ်။ ပန်းပွင့်လျှင် ကတော့ပုံ အရင်းပိုင်းမှာ ခရမ်းရောင်ရှိပါတယ်။ အနံ့ပြင်းပြီး အပွင့်များသေးငယ်ပါတယ်။ ပန်းခိုင်မှာ (၁)ပေ နီးပါးရှည်ပါတယ်။ ဥဟာ လုံးဝိုင်းပြီး ရိုးတံထွက်သည့်နေရာမှာ အနည်းငယ်ချိုင့်ပါတယ်။ စိုက်ပျိုးတဲ့ ဒေသများ အိန္ဒိယ၊ မြန်မာ၊ တရုတ်၊ မလေး၊ အင်ဒို၊ ဂျပန်နိုင်ငံတို့တွင် စီးပွားဖြစ်စိုက်ပျိုးကြကြောင်း လေ့လာသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်း၊ မော်လမြိုင်၊ ထားဝယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင် စိုက်ပျိုးလာကြပါတယ်။ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းဖြတ်မြို့နယ်နဲ့ တာချီလိတ်မြို့နယ်များတွင် စီးပွားဖြစ်စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြပါတယ်။ ‘ဝ’ ဥ ခေါ် ဖျံ့ ဥဟာ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်းတို့မှာ သဘာဝအလျှောက် အမြောက်အမြားပေါက်ရောက်လျက်ရှိပါတယ်။ ဖျံ့ဥအဝါနှင့် ဖျံ့ဥ အနီမျိုးကို အမြင့်ပေ(၁၀၀၀)မှ (၈၀၀၀)ကြား လျှိုမြောင်ချောင်းဘေးများတွင် ပေါက် ရောက် ပါတယ်။ အအေးပိုင်းတွင် ပို၍တွေ့ရပါတယ်။ ဖျံ့ဥတွင် ပါဝင်တဲ့ မယ်နန်ခေါ်အမျှင်ဓာတ်ပါဝင်မှု ပေါ်မူတည်၍ မျိုးစေ့ကို အဆင့်သတ်မှတ်ပါတယ်။ ဖျံ့ဥကို ပါးပါးလွှာ၍ နေရောင်တွင် ထောင်ကြည့် ပါက ပုလဲလုံးလေးများ စီရီထားသကဲ့သို့ တွေ့မြင်နိုင်ပါတယ်။ ယင်းဓာတ်ပါဝင်မှုကို (၆၀)ရာခိုင်နှုန်း ထက်ကျော်လျှင် မျိုးကောင်းသည်ဟု သတ်မှတ်ပါတယ်။ (က)အကောင်းဆုံးအမျိုးအစား (၁)ပိဿာ အရွယ်များ ဖြစ်ပါတယ်။ (ခ)ရောင်းတန်းဝင် အကြီးစားဆိုရင် တစ်ပိဿာခွဲ(ဂ) အလတ်စား (၅၀)ကျပ် သားအထက်၊ အသေးစား(၃၀)ကျပ်သားအထက်ဟု သတ်မှတ်ပါတယ်။ ဒါကြောင့် မှော်ဘီ၊ တိုက်ကြီး မြို့နယ်များမှာ လုပ်ငန်းရှင်များက စနစ်တကျစိုက်ပျိုးပြီး တစ်နှစ်တစ်ကြိမ် ဖော်ပြီး (၃၀)ကျပ်သား အထက်ကို ရောင်းချလျက်ရှိပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ INGO Care မြန်မာရဲ့လေ့လာ တွေ့ရှိချက်ကို ကျွန်တော်တင်ပြပါမယ်။ ဖျံ့ဥရဲ့ ကြိုက်နှစ်သက်သော ရာသီဥတုမှာ ပူနွေးစွတ်စိုသော ရာသီဥတုနှင့် မှိုင်း၊ ရေခိုးရေငွေ့ကိုနှစ်သက်ပါတယ်။ နက်နက်တူးဆွပြုပြင်ထားသော သဲနှုန်းဆန်မြေ ကိုနှစ်သက်ပါတယ်။ PH(5) နဲ့ (6) အတွင်း နှစ်သက်ပါတယ်။တောင်ပေါ်ဒေသရာသီဥတုနှစ်သက် ၍ ဆောင်းနှင့်နွေတွင် ရေသွင်းပေးနိုင်ပါက အပင်တုံ့ပြန်မှု သိသာကောင်းမွန်ပါတယ်။ အပူချိန် (၂၅) ဒီဂရီမှ (၃၀)ဒီဂရီစင်ဒီဂရိတ်၊ စိုထိုင်းစ (၈၀)ရာခိုင်နှုန်းနဲ့ (၉၀)ရာခိုင်နှုန်းရှိ ပူအိုက်စွတ်စိုသော ဒေသ များတွင် အပင်ကြီးထွားနှုန်း ပိုကောင်းပါတယ်။ ဖျံ့ဥကို မတ်လတွင် တူးဖော်သင့်ပြီး တူးသည့် ဥကျင်း နေရာတွင် မျိုးဥများ၊ မျိုးသီးများ၊ မြေဆွေးနှင့်အတူ ပြန်မြှုပ်ထားခြင်းဖြင့်လည်း ပြန်လည် စိုက်ပျိုးနိုင် ပါတယ်။

ဖျံ့ဥသည် စိုက်ပျိုးရန်မခက်သည့် အပင်အမျိုးအစားဖြစ်ပြီး ဈေးကွက် ဝယ်လိုအားကောင်း သည့်အပြင် ထွက်ရှိသမျှလည်း တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့မှ ဝယ်ယူလျက် ရှိပါတယ်။ ဈေးကွက်ရှိတဲ့ သီးနှံအမျိုးအစားဖြစ်ပါတယ်။ စိုက်ပျိုးရာတွင် ကျင်းစနစ်၊ မြောင်းရှည်စနစ်၊ လှေခါးထစ်စနစ်များသည် မြေတူးဖော်စရိတ် ကြီးသော်လည်း လုပ်ဆောင်နိုင်သူများအဖို့ ရေရှည်တွင် အကျိုးအမြတ် ကြီးမား သဖြင့် တွက်ခြေကိုက်လှပါတယ်။ သဘာဝမြေဆွေးကို မဖြစ်မနေပြုလုပ် သုံးစွဲသင့်ပါရန်နှင့် မျိုးရှား

ပါးပါက ဥများကို မျက်ကွင်းပါအောင်စိတ်ပြီး ပြာနုနဲ့လူးနယ်၍ စိုက်ပျိုးနိုင်ပါတယ်။ စိုက်ပျိုးရာတွင် ရေမဝပ်ရန် အရေးကြီးပါတယ်။ ဖျံ့ဥကို တူးဖော်ပြီးပါက ရေဆေး၍ အရိပ်တွင် စနစ်တကျ ပုံထားရပါတယ်။ တစ်လအတွင်း မူလအလေးချိန်၏ လေးပုံတစ်ပုံ လျော့နည်းသွားတတ်ပါတယ်။ ဈေးကွက် တင်ကာနီးမှာ ကပ်၍ တူးဖော်လျှင်လည်း ရပါတယ်။ ဖျံ့စိုက်မယ့် ဥများကို ပိုးသတ်ဆေးဖြင့် လူးနယ်ခြင်း၊ ပက်ဖျန်းခြင်း များ ပြုလုပ်သင့်ပါတယ်။ အနာအပုပ်ရှိက လှီးဖြတ်၍ ပြာသုတ်ခြင်း၊ ထုံးသုတ်ခြင်း ပြုလုပ်ရပါတယ်။ ဥများ လှီးဖြတ်ရာတွင် ဥလှီးဓား၊ အစေးကာ၊ မျက်မှန်၊ လက်အိတ်များ သုံးစွဲရပါတယ်။ ဒီနောက် ဥလွှာကိရိယာအဖြစ် လေးပိုင်းတစ်ပိုင်းလက်မမှ လက်မဝက်ခန့် အထူ ရောက်အောင် ခွာရပါတယ်။ (၃)မီလီမီတာမှ (၆)မီလီမီတာအထူ လေးထောင့်ပုံ အသားတုံးများရအောင် လှီးဖြတ်၍ အခြောက် လှန်းရပါတယ်။ ကောင်းစွာ အခြောက်လှန်းရန် နှစ်ရက်ခန့် နေလှန်းရပါမယ်။ နေရောင်တွင် လှန်းခြင်း ဟာ အကောင်းဆုံး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖျံ့ဥအစို (၅) ပိဿာမှ (၆) ပိဿာလျှင် အခြောက် (၁)ပိဿာ ရပါတယ်။ အစို၊ အခြောက် အချိုး အနီမျိုးကို ငါးချိုးတစ်ချိုး အဝါမျိုးဆိုရင် ခြောက်ချိုးတစ်ချိုး ၊ အဖြူမျိုးဆိုရင် ခုနှစ်ချိုးတစ်ချိုး ရှိပါတယ်။ အခြောက်ရောင်းချရန် ထုပ်ပိုးရာတွင် ပီနံအိတ်၊ ပလတ်စတစ်အိတ် သုံးနိုင်ပါတယ်။ သို့သော် လေလုံအိတ်မျိုး မသုံးသင့်ပါ။ အစိုဓာတ်ကြောင့် အငွေ့ပျံ၍ မှိုတက်ပြီး ပုပ်ပွပျက်စီး စေနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖျံ့ဥ ခေါ် ‘ဝ’ ဥ အသုံးပြုပုံမှာ စားကုန်နှင့် ဆေးဝါးတွင် အဓိက အသုံးပြုကြောင်း သိရပါတယ်။ ရိုးတံရွက်ကို ဝက်စာအဖြစ် အသုံးပြုပါတယ်။ ဂျပန်နိုင်ငံတွင် အမှုန့် လုပ်ပြီး ကော်ပြန့်၊ ခေါက်ဆွဲ ပြုလုပ်ကြပြီး ဖိလစ်ပိုင်နိုင်ငံတွင် ပေါင်မုန့်၊ အရက်၊ ဝိုင် ချက်လုပ်ခြင်း စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် နည်းမျိုးစုံ ပြုလုပ်စားသုံးကြပါတယ်။ ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတွင် အစားအစာ၊ ခေါက်ဆွဲ၊ အသားတု အမှုန့်များ ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုကြကြောင်း လေ့လာ သိရှိရပါတယ်။ ကိုလက်စထရော အဆီကျဆေးများ ဖော်စပ်ရာတွင်လည်း အသုံးပြုကြောင်း သိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖျံ့ဥကို စက္ကူလုပ်ငန်း၊ ကော်အမျိုးမျိုး၊ ချည်ထည်လုပ်ငန်း၊ ခန္ဓာကိုယ် လိမ်း အလှဆီ၊ ခေါင်းလိမ်းဆီ စသည်ဖြင့် ထုတ်လုပ်ရာတွင်လည်း အကူပစ္စည်းအဖြစ် အသုံးပြုကြ ပါတယ်။ အိန္ဒိယနိုင်ငံတွင် တိုင်းရင်းဆေးဝါးများ ဖော်စပ်ရာ၌ အသုံးပြုကြပါတယ်။ မယ်နမ်ဓာတ်သည် ခန္ဓာကိုယ် အတွက် အရေးကြီးသော သဘာဝအမျှင်ဓာတ် ပါဝင်ပြီး ခန္ဓာကိုယ်မှ အဆိပ်အတောက်ကို စုပ်ယူနိုင်ကြောင်းသိရပါတယ်။ ယင်းဓာတ်ပစ္စည်းကို အရသာရှိသော စားသောက်ဖွယ်ရာ ပစ္စည်းများ အဖြစ် တီထွင်ပြုလုပ်နိုင်ပါတယ်။ အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်၍ အစာအိမ်အူလမ်းကြောင်းနှင့် ကင်ဆာရောဂါ ဖြစ်ပွားခြင်းမှ ကာကွယ်ပေးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အိန္ဒိယနဲ့ အင်ဒိုနီးရှားနိုင်ငံမှာ ဖျံ့ဥကို ဒေသထွက် အစားအစာအဖြစ် လည်းကောင်း၊ စက်မှုကုန်ကြမ်း ပစ္စည်းအတွက်လည်းကောင်း ကြီးမားကျယ်ပြန့်စွာ တိုးချဲ့စိုက်ပျိုးလျက် ရှိပါတယ်။ ဖျံ့ဥ ခေါ် ‘ဝ’ ဥ သည် အမျိုးအစား ကွဲပြားမှုအလိုက် အဟာရဓာတ်ပါဝင်မှုနှုန်း ကွဲပြားမှု ရှိပါတယ်။ အဟာရဓာတ် (၁၅)မျိုးထိ ပါဝင်ကြောင်း စမ်းသပ်လေ့လာသိရှိရပါတယ်။ ဖျံ့ဥ ဈေးကွက်ဟာ တရုတ်နဲ့ ဂျပန်သို့ တင်ပို့ရောင်းချပြီး မင်းတပ်မြို့နယ်အတွင်း INGO Care Myanmar မှ လေ့လာ တွေ့ရှိချက်မှာ ဖျံ့ဥစိုက်တောင်သူများ စနစ်တကျ စိုက်ပျိုးမှုမရှိဘဲ နည်းပညာ ထောက်ပံ့မှု အားနည်း ကြောင်း တွေ့ရှိရခြင်း၊ ဖျံ့ဥ စိုက်ရန် အရင်းအနှီး အထူးလိုအပ်ခြင်း၊ မျိုးစေ့များ ကြီးမြင့်လာခြင်း၊ စုဆောင်း

ဝယ်ယူသူ ပွဲစားများ၏ သတ်မှတ်ထားသည့် ဈေးနှုန်းများဖြင့်သာ ရောင်းချရခြင်း၊ နောက်နှစ်တွင် စိုက်ပျိုးရမည့် မျိုးစေ့ မလုံလောက်ခြင်း ရန်ကုန်၊ မန္တလေးဈေးကွက် ဈေးနှုန်း မတည်ငြိမ်ခြင်းနဲ့ အရည်အသွေး ကန့်သတ်ချက်ရှိခြင်းတို့ကို လေ့လာတွေ့ရှိရကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ 'ဝ'ဥနဲ့ပတ်သက်လို့ ကျွန်တော် Power Point နဲ့ အနည်းငယ် ရှင်းချင်တဲ့အတွက်ကြောင့် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ် ပါတယ် ခင်ဗျား။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အခုပုံကတော့ ဒီ အပေါ်ဆုံး ဘယ်ဘက်ကဟာက အဲဒါက (၄)နှစ် ပြည့်လာလို့ရှိရင် ပန်းပွင့်တာဖြစ်ပါတယ်။ အဲဒါက အနီနဲ့အဝါမျိုးတွေ ဖြစ်ပါတယ်။ အလယ်ကဟာက အဲဒီလို ပန်းပွင့်လာပြီးမှ အဲဒီလို အသီးသီးလာပါတယ်။ အဲဒါ သက်တမ်း(၄)နှစ် ပြည့်လို့ရှိရင် အဲဒီလို အသီးသီးပါတယ်။ ဒါ အနီမျိုးနဲ့ အဝါမျိုး ဖြစ်ပါတယ်။ ဒီဘက် ညာဘက် ထိပ်က အစွန်က ဟာက အရွက်မှာ အသီးသီးတဲ့ အနီမျိုးနဲ့ အဝါမျိုး ဖြစ်ပါတယ်။ အဲဒီလို ကိုင်းတွေမှာ အသီးသီးပါတယ်။ အလယ်က အလုံးက ပိုပြီးကြီးပါတယ်။ အောက်ဘက်က ဘယ်ဘက် အစွန်ဆုံးက ဟာက ဒါ 'ဝ'ဥ စိုက်ပျိုးတဲ့ အခင်း ဖြစ်ပါတယ်။ အလယ်ကဟာက ထွက်လာစ အပင်မျိုး ဖြစ်ပါတယ်။ အပင်ကြီး တဲ့ဟာတွေ (၅၀)သားနဲ့အထက် အပင်တွေ ဖြစ်ပါတယ်။ ဒီဘက်အစွန်ဆုံးက ဟာကတော့ ဥ ဖြစ်ပါတယ်။ အနီဥ နဲ့ အဝါဥတွေ ဖြစ်ပါတယ်။ အောက်ဆုံးက ဥက အနီဥ နဲ့ အဝါဥတွေ ဖြစ်ပါတယ်။ အဲဒါက မော်ဘီ၊ တိုက်ကြီးမြို့နယ်မှာ လုပ်ငန်းရှင်တွေက စနစ်တကျစိုက်ပျိုးတဲ့ အခင်းကြီးတွေ ဖြစ်ပါတယ်။ အဲဒါ ကျွန်တော်တို့ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင်က တောင်သူတွေ ကွင်းဆင်းပြီးတော့ သွားရောက်လေ့လာတဲ့ဟာ ဖြစ်ပါတယ်။ မနှစ်က လေ့လာတဲ့ဟာ ဖြစ်ပါတယ်။ အဲဒီလို စနစ်တကျ စိုက်ပျိုးပြီးတော့မှ သူက တစ်နှစ်နဲ့ ဖော်ပါတယ်။ ဖော်ပြီးလို့ရှိရင် (၃၀)ကျပ်သားနဲ့အထက် ဆိုရင် ရောင်းတန်းဝင်ပါတယ်။

ဒါကြောင့် သူတို့က ပြည်မမှာတော့ စနစ်တကျ မြေသြဇာနဲ့ စနစ်တကျ အဲဒီလို စိုက်ပျိုးပြီးတော့မှ တစ်နှစ်တစ်ခါ ဖော်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်မှာကျတော့ (၃)နှစ် စောင့်ရပါတယ်။ (၃)နှစ် စောင့်ပြီးတော့မှ ကျွန်တော်တို့ ဖော်ရပါတယ်။ ဖော်လို့ရှိရင် အခုပြောသလို အနည်းဆုံး (၂)ပိဿာမှ (၃)ပိဿာထိ ရပါတယ်။ အနီဥနဲ့ အဝါဥတွေဆိုရင် အဲဒီလို အခြေအနေတွေ ရှိပါတယ်။ ဒါက စိုက်ခင်းတွေ ဖြစ်ပါတယ်။ အဲဒါက ကျွန်တော်တို့ တောင်ပေါ်မှာ ကျွန်တော်တို့ စိုက်ခင်းတွေ ဖြစ်ပါတယ်။ အမြင့်ပေ(၇)ပေထိ ရှိတယ်ဆိုတော့ ရပ်လို့ရှိရင် လူတစ်ရပ်အထက် ကျော်ပါတယ်။ အဲဒီ အခု ကလေး ကိုင်နေတဲ့ ဒီအရွယ်ဟာ ဥကို ဖော်လိုက်မယ်ဆိုရင် အနည်းဆုံး (၂)ပိဿာ ထွက်ပါတယ်။ ဒါဟာ အရိုးတံကို ကြည့်ရင် အောက်မှာ ဘယ်နှစ်ပိဿာ ထွက်မယ်ဆိုတာ ကျွန်တော်တို့ ခန့်မှန်းလို့ရပါတယ်။ ဒီဘက်ဟာကတော့ တောင်ယာမှာ အခင်းမှာစိုက်တဲ့ အပင်တွေ ဖြစ်ပါတယ်။ ဒီဘက်က အပေါ်ကဟာက မှည့်လာတဲ့ အသီး (၄)နှစ်မှာ သီးလာတဲ့ အဝါနဲ့ အနီးမျိုး ဒါ မှည့်လာတဲ့ဟာ ဖြစ်ပါတယ်။ အဲဒါဆိုရင် သူက လှီးပြီးတော့မှ တစ်ခါတည်း နေလှန်း နေလှန်းပြီးလို့ရှိရင် နောက်နှစ်ကို ပျိုးထောင်ပြီးတော့မှ ပျိုးရပါတယ်။ ပျိုးလို့ရတဲ့အခါမှာ နောက်တစ်နှစ်ကို သူက ရွှေ့ပြီးတော့မှ စိုက်ရပါတယ်။ အဲဒါက အသီးကနေ ရတဲ့ဟာ အလယ်က ဟာက မေလမှာဆိုလို့ရှိရင် အသီးက သူ့ရဲ့ အဲဒီလို အတက်ထွက်လာပါတယ်။ မေလဆိုရင် စပြီးတော့မှ သူ့ဟာနဲ့သူ အတက် ထွက်လာပါတယ်။ မေလမှာ အပြီး စိုက်ရပါတယ်။ ဒီဘက်က အနီမျိုးကို သူက ပါးပါးလှီးပြီးတော့မှ နေပူမှာ လှန်းမယ့်ဟာ အနီမျိုးကို လှီးထားတာ ဖြစ်ပါတယ်။ အဲဒါက တောင်ပေါ်မှာ စိုက်တဲ့အခင်းတွေ ဖြစ်ပါတယ်။ နောက် ဒီဘက်က အောက်ဆုံးက

ဟာက ခုနက ကျွန်တော် ပြောတဲ့ဟာက အနီနဲ့ အဝါမျိုးဟာ အလယ်မှာသီးတဲ့ အသီးက ပိုပြီးကြီးပါတယ်။ ဘေးတွေမှာ သီးတဲ့ဟာလေးတွေက ငယ်ပါတယ်။ (၁၂)လုံး (၁၃)လုံးထိ ပါ ပါတယ်။ အဲဒါက တောင်ပေါ်မှာ လှေကားထစ်စနစ်နဲ့ မင်းတပ်မြို့နယ်နဲ့ ကန်ပလက်မြို့နယ်မှာ လှေကားထစ်စနစ်နဲ့အဲဒီလို ကျွန်တော်တို့ 'ဝ'ဥကို လှေကားထစ် လုပ်ပြီးတော့မှ မြေ တူးဆွပြီးတော့မှ အဲဒီလို မြောင်းနဲ့ စိုက်တယ်။ တချို့ကျတော့ ကျင်းနဲ့ စိုက်တယ်။ တချို့ မြောင်းနဲ့ စိုက်တယ်။ အပေါ်မှာ သူတို့ စိုက်နေတဲ့ ပုံ ဖြစ်ပါတယ်။

အောက်ကဟာကတော့ ကျွန်တော်တို့ စိုက်ပျိုးတဲ့ အခင်းပုံတွေ ဖြစ်ပါတယ်။ အဲဒါ မြေဩဇာ ဒါ ကျွန်တော်တို့ရဲ့ သဘာဝမြေဆွေးမြေဩဇာလုပ်နည်းကို Care Myanmar ကနေပြီးတော့မှ ကျွန်တော်တို့ ကျေးလက်တွေမှာ သဘာဝမြေဆွေးကို ပြုလုပ်တဲ့နည်းကို သင်ပေးတာ ဖြစ်ပါတယ်။ အဲဒါတွေနဲ့ တစ်ခါတည်း မြေဩဇာ ဒီမြေဩဇာတွေကို သဘာဝမြေဆွေးကို ရောစပ်ပြီးတော့ စိုက်ပျိုးလို့ရှိရင် ပိုပြီးတော့မှ အပင်က ထွားတယ်။ ဥ က ပိုကြီးတယ်ဆိုတာကို ပြတာ ဖြစ်ပါတယ်။ ဒါက စိုက်ခင်းပုံတွေ ဖြစ်ပါတယ်။ ကျေးရွာက စိုက်ခင်းပုံတွေ ဖြစ်ပါတယ်။ အဲဒီငှက်ပျောအောက်က အရိပ်ကို ပိုကြိုက်ပါတယ်။ အရိပ်အောက်မှာဆိုရင် အပင်က အခု ကျွန်တော်တို့ မြင်ရတဲ့ အပင်လုံးကြီးဟာ ကြည့်မယ်ဆိုရင် အနည်းဆုံး (၂)ပိဿာနဲ့အထက် ရှိပါတယ်။ အပင် အဲဒီလောက် ပင်စည်ရှိရင် အောက်မှာ (၂)ပိဿာ ကျော်ပါတယ်။ ဒါက အနီမျိုးတွေ ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ အသီးကို ပျိုးဘောင်လုပ်ပြီးတော့မှ ပျိုးထောင်ထားတာ ဖြစ်ပါတယ်။အဲဒါ ပထမနှစ်မှာ အဲဒီလို ပျိုးထောင်တယ်၊ ပျိုးထောင်ပြီးလို့ရှိရင် နောက်နှစ်မှာ ဒီဟာတွေကို ဥပြန်ဖော်ပြီးတော့မှ စိုက်မယ့်နေရာကို ရွှေ့စိုက်ရတာ ဖြစ်ပါတယ်။ ဒါ ပထမနှစ် အသီးကို ပျိုးထောင်တာ ဖြစ်ပါတယ်။ အဲဒါတွေကတော့ ရိတ်သိမ်းတဲ့ဟာပေါ့။ သက်တမ်းကုန်တာနဲ့ အောက်တိုဘာမှာ သက်တမ်းကုန်တယ်။ နိုဝင်ဘာမှာ တူးလို့ ရတယ်။ ဒီလိုမတူးဘဲနဲ့ ကျွန်တော် ခုနတုန်းက ပြောတဲ့အတိုင်းပဲ မတ်၊ ဧပြီမှာလည်း နွေရာသီမှာလည်း ဖော်လို့ရပါတယ်။ သူတို့ရဲ့နေရာတွေကို အကုန်လုံး ငုတ်စိုက်ပြီးတော့မှ နွေမှာလည်း ပြန်ဖော်လို့ ရပါတယ်။ အဲဒါတွေက ကျွန်တော်တို့ နေလှန်းထားတာ ဖြစ်ပါတယ်။ ဥတွေကို ကျွန်တော်တို့က မလှိုင်းခင်မှာ နေလှန်းထားတာတွေ ဖြစ်ပါတယ်။

ဒါက ကျွန်တော်တို့ သိုလှောင်တဲ့ ပုံစံတွေ ဖြစ်ပါတယ်။ ခု မြင်ရတဲ့ဟာက ကျွန်တော်တို့ ရွာက စပါးကျီ ဖြစ်ပါတယ်။ ကျွန်တော်တို့ စပါးကျီ ဖြစ်ပါတယ်။ အဲဒီစပါးကျီမှာပဲ ဥတွေကို လှောင်ပါတယ်။ ဒီတိုင်းထားရင်တော့ လူခိုးပါတယ်။ ဒါက အခြောက်လှန်းတာ ဖြစ်ပါတယ်။ အခြောက်လှန်းတဲ့နည်းတွေက အခု မြင်တဲ့အတိုင်းပဲ တစ်ဖက်က ပါးပါးလှီးပြီးတော့မှ ဒီလိုပဲ ဝါးခြမ်းတွေကို စီပြီးတော့မှ ဝါးထရံနဲ့ အဲဒီလို လှန်းတာတွေလည်း ရှိတယ်။ နောက်ပြီးတော့မှ အပေါက်ဖောက်ပြီးတော့မှ အဲဒီလိုမျိုး လေသလှပ်ပြီးတော့မှ နေမှာလှန်းတဲ့ နည်းလည်း ရှိပါတယ်။ နည်းအမျိုးမျိုးနဲ့ သူတို့ လှန်းပါတယ်။ အများအားဖြင့်တော့ နေပူမှာ လှန်းတာ အကောင်းဆုံး ဖြစ်ပါတယ်။ ဒါ အပင် ပိုးကျတဲ့ဟာကို သူတို့ သုတေသန လုပ်ခိုင်းလို့ သူတို့ တောင်သူတွေ လိုက်ပြီးတော့ ကွင်းဆင်းသုတေသန လုပ်နေတဲ့ ပုံတွေ ဖြစ်ပါတယ်။ ဒါကတော့ 'ဝ'ဥကို ကြယ်ငါးပွင့် ဟိုတယ်တွေမှာ၊ ကြယ်လေးပွင့် ကြယ်သုံးပွင့် ဟိုတယ်တွေမှာ အဲဒီလို ကျွန်တော်တို့က ဟင်းလျာအဖြစ်နဲ့ ကျွန်တော်တို့ ချက်ပြုတ်ပြီးတော့မှ ရောင်းချတဲ့ဟာကို ကျွန်တော်တို့ ရန်ကုန်ကို ရောက်တဲ့အချိန်မှာ ဒီဟာတွေကို 'ဝ'ဥနဲ့ ထုတ်လုပ်ထားတဲ့ စားသောက်ဖွယ်ရာများကို ကျွန်တော်တို့ ရိုက်ကူးလာတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မနှစ်က ချင်းအမျိုးသားနေ့မှာ မင်းတပ်မြို့နယ်မှာ ဒါဟာ ကျွန်တော်တို့ မြို့နယ်က အနီဥမျိုးကို ပြိုင်ပွဲ လုပ်ပါတယ်။ နှစ်စဥ် ကျွန်တော်တို့ ပြိုင်ပွဲ လုပ်ပေးပါတယ်။ ပြိုင်ပွဲ လုပ်တဲ့ အခါမှာ အခု ကလေးနှစ်ယောက် မနေတဲ့ဟာက (၇)ပိဿာခွဲ ရှိပါတယ်။ ဒါ ဥနီမျိုး (၇)ပိဿာခွဲ ရှိပါတယ်။ ဒါ ကျွန်တော်တို့ မင်းတပ်မြို့နယ်မှာ အကြီးဆုံး ဥ ဖြစ်ပါတယ်။ မနှစ်က ချင်းအမျိုးသားနေ့မှာ ပြိုင်ပွဲနဲ့ ဆုပေးပွဲ လုပ်တဲ့အချိန်မှာ တောင်သူတွေ လာရောက်ပြသတဲ့ 'ဝ'ဥမျိုး ဖြစ်ပါတယ်။ ဒါတွေက တော့ အခြောက်လှန်းတဲ့ ဟာတွေ ဖြစ်ပါတယ်။ ဒီ ဘက်ကဟာ ဘယ်ဘက်ထိပ်ဆုံးကဟာက အရင်ဆုံး အခွံကို ပါးပါးလှီးရတဲ့ ကိရိယာ ရှိပါတယ်။ အဲဒါနဲ့ အရင်ဆုံး အဲဒီလို နွှာပြီးတော့မှ အခြမ်း ခြမ်းပြီး နေပူလှန်းပြီးတော့မှ အခြောက်လှန်းတာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရန်ကုန်ကို ဒါ ဂျပန်လိုင်း ဆိုရင် ရန်ကုန်က လာဝယ်ပါတယ်။ နောက် တရုတ်လိုင်းဆိုရင် မန္တလေးက လာဝယ်ပါတယ်။ ကျွန်တော်တို့ဆီက ဂျပန်လိုင်းကဟာတွေ ဖြစ်ပါတယ်။ ရန်ကုန်မှာ သူတို့ သိုလှောင်ပြီးတော့မှ တကယ့် ကုမ္ပဏီတွေက လုပ်ငန်းရှင်တွေက နိုင်ငံခြားကို ဂျပန်ကို ပို့တဲ့ ထုပ်ပိုးတဲ့ ဂိုထောင်တွေကို သွားရောက် လေ့လာတဲ့အချိန်မှာ ရိုက်ကူးထားတာ ဖြစ်ပါတယ်။ ဒါတွေက ကျွန်တော်တို့ အမှုန့်ကြိတ်တဲ့ စက်တွေ ဖြစ်ပါတယ်။ အခြောက်လှန်းမယ်၊ အမှုန့်ကြိတ်မယ် ပြီးတော့မှ သူတို့က နိုင်ငံခြားကို ပို့တာ ရှိပါတယ်။ တချို့ကျတော့လည်း အခြောက်လှန်းပြီးတော့မှ ပို့တာ ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်၊ ကန်ပက်လက်၊ မတူပီ၊ ပလက်ဝ (၄)မြို့နယ်မှာ အဓိကထားပြီး ဝဥစိုက်ပျိုးတဲ့ မြို့တွေရဲ့ ရှုခင်းကို အပေါ် ကနေ စီးပြီးတော့မှ ရိုက်ထားတဲ့ပုံ ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါကြောင့် ကျွန်တော် နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင် 'ဝ'ဥ ကို အထူးစိုက်ပျိုးလာတဲ့ ခရိုင် ဖြစ်ပါတယ်။ မင်းတပ်ခရိုင် အတွင်းရှိ အထက်က တင်ပြခဲ့တဲ့ မြို့နယ်(၄)မြို့နယ်တွင် ဖျံဥ ခေါ် 'ဝ'ဥ ကို စိုက်ပျိုးခြင်းကြောင့် တောင်သူ များ ပုံမှန်ဝင်ငွေ ရရှိခြင်း၊ ဒေသနှင့် သင့်လျော်သည့် လွယ်ကူစွာ စိုက်ပျိုးနိုင်ခြင်း၊ လုပ်အားများစွာ မလိုအပ်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ် လျော့နည်းလာခြင်း စသည့် ကောင်းမွန်သော အကျိုးများ ရရှိလာစေမှာ ဖြစ်ပါတယ်။ အနာဂတ်အလားအလာအဖြစ် တဖြည်းဖြည်းနှင့် ဖျံစိုက်ပျိုးဧရိယာ များလာ ခြင်း၊ ၂၀၀၈ မှ ၂၀၁၁ ခုနှစ်ထိ ဖျံဥ ဈေးတက်လာပြီး ၂၀၁၂ ခုနှစ်တွင် ငွေလဲနှုန်းကြောင့် ဈေးကျဆင်း ခြင်း၊ ကြိုတင်ငွေပေးခြင်း၊ လက်ငင်းငွေချေခြင်းများ ဆောင်ရွက်လာကြပါတယ်။ ကျေးရွာများသို့ ကွင်းဆင်း၍ သွားရောက် ဝယ်ယူလာခြင်းတို့ကြောင့် ဖျံဥ စိုက်တောင်သူများ ဝင်ငွေတိုးလာပါတယ်။ 'ဝ'ဥ ဈေးကွက် ခိုင်မာရန်နဲ့ ပြည်ပတင်ပို့သည့် ကုမ္ပဏီများနှင့် ဒေသခံ ကုမ္ပဏီများ ချိတ်ဆက်၍ တိုက်ရိုက်တင်ပို့ ရောင်းချနိုင်ရန် ဖျံဥ အခြောက်ပြုလုပ်၍ အမှုန့်ကြိတ်စက်ရုံ ရင်းနှီးမြှုပ်နှံမည့်သူများအား စက်ရုံ တည်နိုင်ရန် အားပေးကူညီနိုင်ရန်၊ နိုင်ငံတော်မှ မျိုးဝယ်နိုင်ရန်နှင့် စိုက်ပျိုးစရိတ်ကို အတိုးနှုန်း နည်းနည်းနဲ့ ချေးငွေများ ထုတ်ပေး နိုင်ရန် နိုင်ငံတော်အစိုးရမှ စီစဥ်ဆောင်ရွက်ပေးသင့်ကြောင်းကိုလည်း 'ဝ'ဥ စိုက် တောင်သူများကိုယ်စား အကြံပြု တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြရရင် တရုတ်ဈေးကွက်သည် အရည်အသွေး မကန့်သတ်ဘဲ ဝယ်ယူခြင်း ချင်းပြည်နယ်ထွက် ဖျံဥသည် မယ်နမ်ဓာတ် ပါဝင်မှု များပြားသဖြင့် ဂျပန်ဈေးကွက်မှ ကြိုက်နှစ်သက် ခြင်း တို့ကြောင့် ဝေးလံသီခေါင်ပြီး သွားလာရေး ခက်ခဲတဲ့ ပြည်နယ်များနဲ့ ရေမြေရာသီဥတုနဲ့ ကိုက်ညီတဲ့ တိုင်းဒေသကြီးများတွင် 'ဝ'ဥ စိုက် တောင်သူများ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချနိုင်ရန် နိုင်ငံတော်မှ

စနစ်တကျ စီမံချက် ရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရ အား တိုက်တွန်းကြောင်း အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

'ဝ'ဥ ခေါ် ဖုံ့ဥအသီးများအား ပထမနှစ်တွင် ပျိုးထောင်ခြင်း ပုံ(ခ)




ဖုံ့ဥ တူးဖော် ရိတ်သိမ်းချိန် ပုံ(ခ-၁)



ဖျံ့ဥ လှီးဖြတ် အခြောက်ခံနေလှန်းခြင်း ပုံ(ခ-၂)




**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဦးဆန်းရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ တင်သွင်းသော ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် 'ဝ' ဥ ခေါ် ဖျံ့ဥကို စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်ရန် နိုင်ငံတော်မှ စနစ်တကျ စီမံချက်ရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဆန်းရယ် မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးဟာရှိန်းဘွေ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ရေ၊ မြေ၊ ရာသီဥတု နှင့် ကိုက်ညီသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် 'ဝ' ဥ ခေါ် ဖျံ့ဥကို စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချနိုင်ရန် နိုင်ငံတော်မှ စနစ်တကျ စီမံချက်ရေးဆွဲပြီး လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးဟာရှိန်းဘွေ ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးဟာရှိန်းဘွေ တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒုတိယနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် တတိယနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၁း၄၂ နာရီအချိန်တွင် ရပ်နားပါသည်။]